# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၆) ရက် ၊ အင်္ဂါနေ့ ၊ (9-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာရှမ်းကန်အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာရှမ်းကန်အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်၏ သမိုင်းအကျဉ်းနှင့် ယခုအခါတွင် သဲနုန်းများများပြားလာပြီး ကန်အဆင့်မြှင့်တင်ရန် လိုအပ်လာသည့်အတွက် ကန်တော်၏ အရှေ့ဘက်ခြမ်းတွင် သဲနုန်းများတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၃ ခုနှစ် မေ ၉ ရက်
အယ်ဒီတာ့အာဘော်

# မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်ဖြတ်သန်းကျော်လွှား

နွေရာသီ၏ ပူပြင်းသောနေ့ရက်များကို နည်းမျိုးစုံဖြင့် ရင်ဆိုင်ဖြတ်သန်းကာ ကျော်လွှားနေကြသည်။ အပူချိန်မြင့်မားသောမြို့များ၏ နေ့စဉ်အပူချိန်ကိုလည်း ဖော်ပြပေးလျက်ရှိသည်။ ပူပြင်းသောရာသီဥတုကို ကျော်လွှားနိုင်မည့် အကောင်းဆုံးသဘာဝနည်းလမ်းဖြစ်သောမိုးကိုမျှော်နေကြသည်။ မိုးရွာသွန်းလျှင် အပူချိန်လျော့ကျသွားမည်ဖြစ်သလို လယ်ယာမြေများကို နူးပြီးဖြစ်ကာ မြေဆီသြဇာဖြစ်ထွန်းလာစေနိုင်မည်ဖြစ်သည်။

မိုးကိုမျှော်နေချိန်တွင် မိုးသံလေသံနှင့်အတူပါလာသည်က မုန်တိုင်းသတင်းဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းခန့်မှန်းချက်သတင်းများ ပေါ်ထွက်လာပြီး မုန်တိုင်းသတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားထားချက်များကို တွေ့ရသည်။ မုန်တိုင်းကိုမလို မိုးကိုသာလိုသည်ဟုဆိုရမည်ဖြစ်သော်လည်း မိုးကြိုကာလ မိုးတိမ်တောင်များ မိုးသားထစ်ချုန်းမှုနှင့်အတူ မိုးသက်လေပြင်းတိုက်ခတ်မှုများကို နှစ်စဉ်ကြုံတွေ့ရမြဲဖြစ်ရာ အတွေ့အကြုံရှိနှင့်နေပြီဟုဆိုနိုင်သည်။

၁၉၆၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မေလအတွင်း ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ခဲ့မှု ၁၄ ကြိမ်ရှိခဲ့သည်။ အပြင်းထန်ဆုံးမှာ ၁၉၉၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းဖြစ်ပြီး လေတိုက်နှုန်း တစ်နာရီ ၁၄၅ မိုင်ခန့်ရှိခဲ့သည်။ ၂၀၀၈ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးတွင်ဖြစ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းသည်လည်း လေတိုက်နှုန်း တစ်နာရီ ၁၄၅ မိုင်ရှိခဲ့သည်။

ယခုလတ်တလော မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် မေ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်ပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းက အားကောင်းလာကာ မေ ၉ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိပြီး မြောက်ဘက်သို့ရောက်ရှိရွေ့လျားသွားနိုင်ကြောင်း ခန့်မှန်းထားသည်။

သဘာဝတရားနှင့် လူသားတို့နည်းပညာရပ်များ ဉာဏ်ကစားကြရာတွင် မုန်တိုင်းမဖြစ်ပေါ်မီကြိုတင်သိရှိနှင့်ပြီး ယခုတွေ့ရှိထားသော မုန်တိုင်းက လေဖိအားနည်းရပ်ဝန်းအဖြစ်မှ ပိုမိုအားကောင်းလာသော မုန်တိုင်းငယ်အဖြစ် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟုဆိုသော်လည်း မေ ၇ ရက်ထိ မုန်တိုင်းအစပျိုးခြင်းမရှိသေးကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုရှိသည့်အနက် ရှာဖွေကယ်ဆယ်ရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးဆပ်ကော်မတီ၊ လုပ်ငန်းကော်မတီ အသီးသီးကလည်း လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ ရှာဖွေကယ်ဆယ်ရေး အရေးပေါ်သုံးပစ္စည်းများအနေဖြင့် ဖိုက်ဘာစက်လှေ ၅၉ စင်း၊ အသက်ကယ်အကျီ ၂၅၀၀ ခန့်နှင့် အသက်ကယ်ဘောကွင်း၊ ရေစုပ်စက်၊ ရေစုပ်ပိုက်တို့ကိုလည်း ဖြန့်ခွဲထားသည်မှာ မည်သို့သောအခြေအနေပင်ဖြစ်စေ ရင်ဆိုင်နိုင်ရန် အသင့်ပြင်ဆင်ထားကြခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ မေ ၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်ပြီး အနီးကပ်စောင့်ကြည့်နိုင်ရန် လျင်မြန်စွာတုံ့ပြန်နိုင်ရန်အတွက် **Disaster Management Center** ဖွင့်လှစ်စောင့်ကြည့်သွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်မှ အဆုံးအရှုံးအနည်းဆုံးနှင့် ကျော်လွှားနိုင်ရေးဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်လျက် မပြတ်သောသတိဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တွင်း ဖြတ်သန်းသွားလာခွင့်လက်မှတ် ထုတ်ပေးထားသော အုတ်၊ထုံး၊သဲ၊ကျောက်သယ်ဆောင်သည့် ကားအစီးရေ ၂၀၀ ကျော်ထိရှိ



မန္တလေး မေ ၈

မန္တလေးစည်ပင်နယ်နိမိတ်မြို့တွင်း ဖြတ်သန်းသွားလာခွင့်လက်မှတ် ထုတ်ပေးထားသော အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်ဆောင်သည့် ကားအစီးရေ ၂၀၀ ကျော်ထိရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးစည်ပင်နယ်နိမိတ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ဆောင်သည့်ကားများ သွားလာရာတွင် သတ်မှတ်လမ်းကြောင်းများမှသာ စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် ဖြတ်သန်းသွားလာခွင့်လက်မှတ်များ ထုတ်ပေးရာ ယခုနှစ်တွင် မြို့တွင်းဖြတ်သန်းသွားလာခွင့်လက်မှတ် ထုတ်ပေးထားသည့် ကားအစီးရေ ၂၀၀ ကျော်ထိရှိကြောင်း သိရသည်။

"မန္တလေးစည်ပင်နယ်နိမိတ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ဆောင်တဲ့ ကားတွေကို ဖြတ်သန်းသွားလာခွင့်ပြုတယ်ဆိုပေမဲ့ မြို့ရဲ့အချက်အချာကျတဲ့နေရာတစ်ခုဖြစ်တဲ့ ကျုံးတောင်ဘက် ၂၆ လမ်းတစ်လျှောက်၊ ကျုံးအနောက်ဘက် လမ်း ၈၀ တစ်လျှောက်၊ ကျုံးအရှေ့ဘက် ၆၆ လမ်းတစ်လျှောက်၊ ကျုံးမြောက်ဘက် ၁၂ လမ်းတစ်လျှောက်နဲ့ မြို့တွင်းခုံးကျော်နေရာတွေကိုတော့ ဖြတ်သန်းသွားလာမှုကို ပိတ်ပင်ထားပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ဆောင်သည့်ကားများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ထုတ်ပေးထားသည့် မြို့တွင်းသွားလာခွင့်လက်မှတ်မပါဘဲ မောင်းနှင်သွားလာမှုများကို စစ်ဆေးတွေ့ရှိပါက အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖြတ်သန်းခွင့်လက်မှတ်ထုတ်ပေးထားသည့် အုတ်၊ ထုံး၊ သဲ၊ ကျောက်ကားများအနေဖြင့် မြို့နယ်ခြောက်မြို့နယ်အတွင်း သွားလာရာတွင် အမိုးအကာမအုပ်ထားခြင်း၊ လမ်းမများပေါ်တွင် သဲ၊ ကျောက်များကျကျန်ခြင်း စသည့်သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေးတွေ့ရှိပါက အနည်းဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ မှ အများဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ

မန္တလေး မေ ၈

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း မေ ၁ ရက် ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၁၄၅၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၁၅၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၁၃၀၀၀ သာ ပေါက်ဈေးရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၆၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်းပြန်ရလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မေ ၁ ရက် ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ရှိသော်လည်း ယနေ့ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ထိဈေးရှိကြောင်း မန္တလေးကုန်စည်ဒိုင်အတွင်းမှ သိရသည်။

(၁၈၄)

# ပြည်တွင်းဈေးကွက်အတွင်း ယခုနှစ်ထွက်ရှိသည့် ငရုတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဈေးရရှိနေ

မန္တလေး မေ ၈

ပြည်တွင်းဈေးကွက်အတွင်း ယခုနှစ် ထွက်ရှိသည့် ငရုတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဈေးရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

ယခုအချိန်တွင် ငရုတ်သီးများကို ကျောက်ဆည်ဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ထွက်ရှိနေပြီး အဆိုပါငရုတ်သီးများကို ပြည်တွင်းဈေးကွက်သို့ ရောင်းချရာတွင် ငရုတ်သီးမှည့် ရွေးချယ်ပြီးအသန့်တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၊ ၄၀၀၀ တို့ဖြင့် ရောင်းချနေရကြောင်း၊ ပြီးလက ငရုတ်သီးမှည့် ရွေးချယ်ပြီးအသန့် တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀၊ ၃၂၀၀ ဖြင့်သာ ရောင်းချရကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုချိန်ကတော့ ကျောက်ဆည်ဒေသနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က ငရုတ်သီးတွေ ထွက်နေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်မှာတော့ ငရုတ်သီးထွက်ရှိတာနည်းသွားပါပြီ။ ငရုတ်သီးက ဈေးကောင်းလာဖို့ အလားအလာကောင်းပါတယ်။ အခုလက်ရှိမှာတော့ ငရုတ်ဈေးက ရွေးချယ်ပြီးအသန့် တစ်ပိဿာကို ငွေကျပ် ၃၈၀၀ နဲ့ ၄၀၀၀ ပေါက်ဈေးရှိနေပါတယ်။ အထွက်နှုန်းကတော့ အသင့်အတင့် ကောင်းပါတယ်။ ဒီနှစ်မှာတော့ ဈေးကကောင်းနေတဲ့အတွက် တောင်သူတွေ အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်။ အခုချိန်မှာ ပြည်တွင်း၊ ပြည်ပကိုတော့ ရောင်းချနေပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကြိုးမုန်တိုင်းနှင့် မိုးသီးကြွေခြင်း (အပိုင်း-၁)

**ပါမောက္ခကိုကိုအောင်**



ကမ္ဘာတစ်ဝန်းလုံး၌နေ့စဉ်အားဖြင့် မိုးကြိုးမုန်တိုင်းဖြစ်စဉ် အကြိမ်ရေ ၄၀၀၀၀ ခန့် ဖြစ်ပွားလျက်ရှိနေသည်။ ကောင်းကင်တိမ်တိုက်များအတွင်းရှိ ရေမှုန်ရေမွှားများသည် လေပြင်းများကြောင့် အချင်းချင်း ပွတ်တိုက်မိကြရာမှ လျှပ်စစ်စီးကူးမှုများဖြစ်ပေါ်လာချိန်တွင် အပူချိန်ကွာခြားမှု မြင့်မားသောကြောင့် ဖြပ်မှုန်တို့၏ သိပ်သည်းဆပမာဏကွာဟမှု ကြီးမားစွာဖြစ်ပေါ်ကာ အသံလှိုင်းများအဖြစ် ပြောင်းလဲသွားပြီး ထစ်ချုန်းသံများ ထွက်ပေါ်လာခြင်းကို မိုးကြိုးမုန်တိုင်းဖြစ်စဉ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာကြီးများနှင့် ကုန်းမြေတိုက်ကြီးများသည် အပူဓာတ်ကို စုပ်ယူထိန်းသိမ်းရာတွင် မတူကွဲပြားသော သဘောသဘာဝရှိနေကြသောကြောင့် ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များအပေါ်၌ အကျိုးသက်ရောက်ပုံကလည်း ဆန်းပြားလှသည်။ သမုဒ္ဒရာရေထုသည် ကုန်းမြေများကဲ့သို့ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူခြင်း မပြုနိုင်ကြသော်လည်း စုပ်ယူထားပြီးသား အပူဓာတ်ကိုမူ အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်စွမ်းရှိကြသည်။ ကုန်းမြေတိုက်ကြီးများကမူ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူနိုင်ကြသော်လည်း စုပ်ယူထားသည့်အပူဓာတ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်စွမ်းမရှိကြပေ။

ထိုသဘောသဘာဝကြောင့်ပင် သမုဒ္ဒရာရေထုသည် စုပ်ယူထားသောအပူဓာတ်ကို လေထုထဲသို့ စွန့်ထုတ်ရာတွင် ပမာဏအများအပြားကို တဖြည်းဖြည်းချင်းသာ ထုတ်လွှတ်ကြသောကြောင့် အပူချိန်ရုတ်ခြည်းကျဆင်းသွားခြင်းမျိုးမဖြစ်ပေါ်ပေ။ ကုန်းမြေတိုက်ကြီးများကမူ ပမာဏနည်းပါးသော အပူဓာတ်ကို အလျင်အမြန် စွန့်ထုတ်ပစ်လိုက်ကြသည့်အတွက် အပူချိန်ရုတ်တရက်ကျဆင်းသွားသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် အပူချိန်အတက်အကျအလွန်မြန်ဆန်သည့် သဘောသဘာဝရှိကြပြီး သမုဒ္ဒရာရေထုကြီးကမူ အပူချိန်အတက်အကျအလွန်နှေးကွေးသည့် သဘောသဘာဝရှိနေသည်။

အလားတူပင် သမုဒ္ဒရာရေထုသည် လေထုနှင့် နှိုင်းယှဉ်ပါကလည်း အပူဓာတ်ကိုစုပ်ယူရရှိမှု လွန်စွာနှေးကွေးသော သဘောသဘာဝရှိနေသည်။ ထုထည်ပမာဏချင်းတူညီပါက လေထုက စုပ်ယူနိုင်သော အပူဓာတ်ထက် အဆ ၃၀၀၀ ခန့်ပြင်းပြသော အပူဓာတ်ကိုရရှိမှသာ ရေထု၏အပူချိန်က လေထု၏အပူချိန်နှင့် တန်းတူဖြစ်လာသည်။ ထိုသဘောသဘာဝကြောင့်ပင် ထုထည်အားဖြင့် တစ်ကုဗမီတာရှိသော ရေထုက အပူချိန်တစ်ဒီဂရီစင်တီဂရိတ် စွန့်ထုတ်လိုက်ခြင်းကြောင့် ကုဗမီတာ ၃၀၀၀ ရှိသောလေထုကို အပူချိန်တစ်ဒီဂရီစင်တီဂရိတ် မြင့်တက်လာစေနိုင်သည်။

လေထု၏အပူချိန်သည် လေဖိအားကိုအပြောင်းအလဲဖြစ်ပေါ်စေသည်။ လေထုအပူချိန်မြင့်တက်နေလျှင် လေဖိအားကျဆင်းပြီး လေထုအပူချိန်ကျဆင်းပါက လေဖိအားမြင့်တက်လာသည်။ ထို့ကြောင့်ပင် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်အော်နှင့် ကမ်းလွန်ပင်လယ်ပြင်များ၌ ရေထုက စွန့်ထုတ်လိုက်သော အပူဓာတ် အနည်းအများသည် လေထုအတွင်း၌ ကြီးမားသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကာ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများ ရပ်ဝန်းတို့ကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။

လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့သည် လေတိုက်ရာလမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း၊ မုန်တိုင်းတိုက်ခတ်ရွေ့လျားရာ လမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း ဖန်တီးနိုင်စွမ်းရှိကြသည်။ ထို့အတူပင် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများနှင့် သမုဒ္ဒရာရေပြင်တို့ကြား အပူချိန်ခြားနားချက်များကလည်း ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသအခြေအနေများကို အမျိုးမျိုးအဖုံဖုံဖြစ်အောင် ပြုပြင်ဖန်တီးလျက်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ဒြပ်ဝတ္ထုအစိုင်အခဲများဖြစ်ကြသောကြောင့် နေမှရရှိသော အပူဓာတ်ကို အပေါ်ယံမြေလွှာက လျင်မြန်စွာ စုပ်ယူသိုမှီးထားပြီး အပူလျှောက်ကူးမှုနည်းလမ်းဖြင့် နက်သောမြေလွှာအတွင်းပိုင်းသို့ အပူဓာတ်အနည်းငယ်ကို ပျံ့နှံ့ရောက်ရှိစေသည်။ သမုဒ္ဒရာရေထုကမူ နေမှရရှိသော အပူဓာတ်ကို တဖြည်းဖြည်းစုပ်ယူရင်း အပေါ်ယံရေလွှာက ပူနွေးလာသည့်အခါ အောက်အလွှာရှိ အေးသောရေများဆီသို့ အပူစီးကူးမှုနည်းလမ်းဖြင့် ကျယ်ပြန့်စွာရောက်ရှိစေကာ အပူဓာတ်ဖလှယ်နိုင်စွမ်းရှိကြသည်။ ထို့ပြင် ရေစီးကြောင်းကြီးများနှင့် ဒီရေလှိုင်းများကြောင့်လည်း ဝေးသောနေရာရှိ ရေပြင်များဆီသို့ အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပို့ဆောင်နိုင်စွမ်းရှိကြသည်။ ဤသို့အားဖြင့် ကမ္ဘာ့ရေထုကြီးသည် ကုန်းမြေထုကြီးထက် အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းသိုလှောင်ထားနိုင်သည့် အခွင့်အရေးရှိနေသည်။

သမုဒ္ဒရာရေပြင်ကြီးများက အပူဓာတ်ကို ကျယ်ပြန့်စွာ စုပ်ယူသိုမှီးထားနိုင်စွမ်းရှိနေခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ရေမျက်နှာပြင်အပေါ်ယံရှိ ရေများသည် အမြဲသဖြင့် အငွေ့ပြန်လျက်ရှိနေကြသည်။ ထိုကဲ့သို့ အငွေ့ပြန်ခြင်းဖြစ်စဉ်ကြောင့် ကောင်းကင်ယံတွင် ရေငွေ့အစုအဖွဲ့ဖြစ်သည့် တိမ်တိုက်တိမ်လွှာများကို ဖြစ်ပေါ်လာစေသည်။

သမုဒ္ဒရာရေထုကြီးနှင့် ကုန်းမြေထုတို့၏ အပူဓာတ်ကို စုပ်ယူသိုမှီးပုံနှင့် စွန့်ထုတ်ပုံတို့ မတူကွဲပြားနေခြင်း သဘောသဘာဝများကြောင့် ကမ္ဘာပေါ်၌ အဓိကကျသော ရာသီဥတုနှစ်မျိုးဖြစ်ပေါ်လာသည်။ ၎င်းတို့မှာ Continental Climate ခေါ် ကုန်းမြေတိုက်ရာသီဥတုနှင့် Oceanic Climate ခေါ် သမုဒ္ဒရာရေပြင်ရာသီဥတုတို့ပင်ဖြစ်ကြသည်။ ကုန်းမြေတိုက်ကြီးများ၏ အတွင်းပိုင်းကျသော အရပ်ဒေသများ၌ ကုန်းမြေတိုက် ရာသီဥတုရှိနေပြီး သမုဒ္ဒရာကမ်းခြေနှင့် နီးကပ်သော အရပ်ဒေသများ၌ သမုဒ္ဒရာရေပြင်ရာသီဥတုရှိနေကြသည်။

သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော အရပ်ဒေသများ၌ သမုဒ္ဒရာရေထုကြီးက အပူအအေးလွန်ကဲမှုမဖြစ်အောင် ထိန်းသိမ်းပေးထားကြသည်။ ထို့ကြောင့်ပင် အဆိုပါရာသီဥတုမျိုးရှိသော အရပ်ဒေသများ၌ နွေရာသီ၌ အပူလွန်ကဲမှုမဖြစ်ပေါ်သကဲ့သို့ ဆောင်းရာသီ၌လည်း အအေးလွန်ကဲခြင်းမျိုးဖြစ်ပေါ်လေ့မရှိကြပေ။ သို့ရာတွင် သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော ဒေသများ၌ အမြဲလိုလို တိမ်များထူထပ်နေတတ်ပြီး မိုးရွာသွန်းမှုကလည်း များပြားလေ့ရှိသည်။ ကုန်းမြေတိုက်ရာသီဥတုရှိသော အရပ်ဒေသများ၌မူ နွေရာသီတွင် အပူလွန်ကဲပြီး ဆောင်းရာသီ၌လည်း အအေးလွန်ကဲလေ့ရှိသည်။ နေ့နှင့်ည အပူချိန်ကွာခြားချက်ကြီးမားပြီး နေ့အခါ ပူပြင်းသလောက် ညအခါ၌ အအေးပိုသော သဘောသဘာဝရှိနေသည်။

သမုဒ္ဒရာရေပြင်နှင့် ကုန်းမြေတိုက်ကြီးများကြား ရာသီကာလအလိုက် အပူချိန်ခြားနားမှု အပြောင်းအလဲရှိနေခြင်းကြောင့် မုတ်သုံလေတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှ ကုန်းမြေထုများကြား ရာသီအလိုက် အပူချိန်ခြားနားချက်ပြောင်းလဲမှု ရှိနေခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ မုတ်သုံလေ၏ အကျိုးကို ခံစားကြရသည်။

အဆိုပါဒေသများတွင် နှစ်စဉ် ဧပြီလနှင့်အောက်တိုဘာလတို့ကြား၌ အနောက်တောင် မုတ်သုံလေများ တိုက်ခတ်ပြီး အဆိုပါနှစ်၏ အောက်တိုဘာလမှ နောင်နှစ် ဧပြီလများကြား၌ အရှေ့မြောက်မုတ်သုံလေတိုက်ခတ်သည်။ ကုန်းမြေဘက်တွင် အပူဓာတ်များပြီး လေထုအပူချိန်မြင့်တက်ကာ လေဖိအားနည်းနေချိန်၌ ဖိအားများနေသော သမုဒ္ဒရာရေပြင်မှ လေများသည် အနောက်တောင်မုတ်သုံလေအဖြစ် ကုန်းမြေများဆီသို့ တိုက်ခတ်သည်။ အနောက်တောင်မုတ်သုံလေသည် သမုဒ္ဒရာဘက်မှ တိုက်ခတ်လာသောလေဖြစ်ခြင်းကြောင့် ရေခိုးရေငွေ့ပမာဏ အများအပြားကို တစ်ပါတည်း သယ်ဆောင်လာသည်။ အနောက်တောင်မုတ်သုံလေ ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ စွတ်စိုသောရာသီဥတုကို ဖြစ်ပေါ်စေပါသည်။

❖ လေထု၏အပူချိန်သည် လေဖိအားကိုအပြောင်းအလဲဖြစ်ပေါ်စေသည်။ လေထုအပူချိန်မြင့်တက်နေလျှင် လေဖိအားကျဆင်းပြီး လေထုအပူချိန်ကျဆင်းပါက လေဖိအားမြင့်တက်လာသည်။ ထို့ကြောင့်ပင် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်အော်နှင့် ကမ်းလွန်ပင်လယ်ပြင်များ၌ ရေထုက စွန့်ထုတ်လိုက်သော အပူဓာတ်အနည်းအများသည် လေထုအတွင်း၌ ကြီးမားသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကာ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့ကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။ ❖

# ဇလွန်မြို့နယ် မင်းဒရယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဇလွန် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ သတ္တမအကြိမ် ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက မင်းဒရယ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်းက မင်းဒရယ်ကျေးရွာ၊ တလုပ်ရိုးကျေးရွာနှင့် ကျားအိုင်ကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်ဆွဲပါညွှန်ကြားချက်များနှင့်အညီ သုံးနှစ်တစ်ကြိမ် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းရခြင်းကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များသာ ရွေးချယ်ဖွဲ့စည်းရန်နှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မင်းဒရယ်ကျေးရွာ၊ တလုပ်ရိုးကျေးရွာနှင့် ကျားအိုင်ကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

အခမ်းအနားသို့ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာသုံးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းဆိုင်းကျေးရွာ၌ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ကျိုင်းတုံ မေ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(CBT) ဒုတိယမြောက်ကျေးရွာအဖြစ် "ဝ" တိုင်းရင်းသားတို့၏ ပင်းဆိုင်းကျေးရွာ၌ ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာပေးသင်တန်းများကို ပင်းဆိုင်းကျေးရွာတွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ရွာမြေကို နှစ်ဧကကျော် ပေးထားတယ်။ ရွာမြေပေါ်မှာဧည့်သည်တွေ နားခိုနိုင်ဖို့ ရှမ်းပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်နဲ့ အဆောက်အအုံကို ဆောက်ပေးပါတယ်။ ကျွန်တော်တို့ ရွာလေးက ရှုခင်းလှတယ်။ အိမ်ခြေ ၈၀ ကျော်ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ပါတယ်။ အခါတိုင်းရင်းသား အနည်းငယ် နေထိုင်ပါတယ်"ဟု ဦးထင်အောင်နိုင်က ပြောပြသည်။

လက်ရှိတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်တည်းခိုနေထိုင်ရန် အဆောက်အအုံများကို တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် အခါတိုင်းရင်းသားများနေထိုင်ကြသည့် ဟိုကျင်းဒေသတွင် ပထမဆုံးရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(CBT) ကျေးရွာအဖြစ် ဟိုကျင်းရွာ ၁၊ ၂၊ ၃ ၏ ရွာအဝင်လမ်းဆုံအနီးတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(CBT)ကျေးရွာကိုစတင်ဖော်ဆောင်ပြီး လက်ရှိတွင် ဧည့်သည်များ တည်းခိုနားနေနိုင်ရန် အဆောက်အအုံ လေးခုကို တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။ **ASH**



# မင်းဘူးမြို့နယ်တွင် နွေကာလရေသွင်းစိုက်ပျိုးသော ခရမ်းချဉ်သီးများ ဈေးကောင်းရရှိ

**မင်းဘူး မေ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် နွေကာလ ရေသွင်းစိုက်ပျိုးသော ခရမ်းချဉ်သီးများ ထွက်ရှိက ဈေးကောင်းရရှိ၍ တောင်သူများ အဆင်ပြေနေကြောင်း မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ ခရမ်းချဉ်သီးစိုက်တောင်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ဆောင်းကာလက ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀ ထိသာဈေးရရှိခဲ့ပြီး ယခုနှစ်နွေကာလ ရေသွင်းစိုက်ပျိုးသောခရမ်းချဉ်သီးများ ထွက်ရှိချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ထိ ရောင်းချနေရကြောင်း သိရသည်။

"အခုနွေကာလမှာ ထွက်ရှိတဲ့ ခရမ်းချဉ်သီးတွေက ပြီးခဲ့တဲ့ ဆောင်းအကုန် မတ်လလောက်က ရေသွင်းစိုက်ပျိုးခဲ့တဲ့ ခရမ်းချဉ်သီးတွေဖြစ်ပါတယ်။ ဒီနှစ်နွေမှာ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီး အဝင်နည်းတာရယ်၊ ဒေသစုံက ခရမ်းချဉ်သီး အစိုက်နည်းတာရယ်ကြောင့် အခုလို ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ အခုထွက်ရှိတဲ့ ခရမ်းချဉ်သီးတွေကို သီးနှံပွဲရုံတွေဆီ ဖောက်သည်သွင်းရဈေးမှာ အလုံးကြီးရင် တစ်ပိဿာကို ငွေကျပ် ၁၅၀၀ နဲ့ အလုံးသေးရင် တစ်ပိဿာကို ငွေကျပ် ၁၃၀၀ နဲ့ ရောင်းချရပါတယ်"ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာမှ ခရမ်းချဉ်သီးစိုက်တောင်သူ ကိုသောင်းစိုးက ပြောပြသည်။

ပြီးခဲ့သည့် ဆောင်းကာလက ထွက်ရှိခဲ့သည့် ခရမ်းချဉ်သီးများမှာ သီးနှံပေါ်စတွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ ထိ ဈေးရရှိခဲ့ပြီး ထို့နောက်ဒေသစုံက ခရမ်းချဉ်သီးထွက်ရှိချိန်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ မှ ၄၀၀ ထိ ဈေးကျဆင်းခဲ့ကြောင်း၊ သီးနှံပေါ်စ ဈေးကောင်းရခဲ့၍သာ အရှုံးနည်းခဲ့ရကြောင်း၊ ယခုဆောင်းအကုန်နွေကာလမှာ စိုက်ပျိုးခဲ့သည့် ခရမ်းချဉ်သီးများထွက်ရှိချိန်တွင် ဈေးကောင်းရရှိ၍ တောင်သူများ အဆင်ပြေနေကြောင်း မင်းဘူးမြို့နယ် ရေမျက်ကျေးရွာမှ ခရမ်းချဉ်သီးစိုက်တောင်သူ ကိုအောင်နိုင်က ပြောပြ၍ သိရသည်။

**မိုးထက်(မင်းဘူး)**

## အလှတည်နေ တို့ရပ်မြေ

\- စိတ်ဝမ်းညီ ရွှင်ပျော်ပြုံး
မော်မဆုံး ဓလေ့မူ၊
ကြည်သဒ္ဒါ မေတ္တာအေးနှင့်
ပေးခဲ့အလှူ၊
ချမ်းမြေ့ကြ စိတ်ကြည်ဖြူ
များသူငါ သဒ္ဒါဖြိုး၊
မြန်မာဆို ကမ္ဘာသိတယ်
ရှိကြတန်ဖိုး။

\- စောင့်ထိန်းပါ တို့အမျိုး
မညှိုးလို့ လင်းလက်စေ၊
သာသနာ ရွှေရောင်ထွန်း
ကျွန်းဇမ္ဗူမြေ၊
ကျောင်းဇရပ် စေတီတွေ
တည်ရှိနေ ရွှေရည်လူး၊
ကြည်ညိုဖွယ် တည်အလှနှင့်
မြင်ကြမြော်ဖူး။

\- စိတ်အစဉ် ရွှင်ကြည်နူး
စေတီဦး ဆည်းလည်းသံ၊
တိုင်းမြန်မာ မြေအနှံ့
ဝေဖြန့်လွင့်ပျံ၊
ထူးမြတ်လှ ပီတိလျှံ
ဝန်းရံတဲ့ မြတ်ဓမ္မ၊
ကမ္ဘာမှာ ထူးဂုဏ်ဒြပ်နှင့်
တို့ရပ်မြေလှ။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဒေးဒရဲ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု ဘုရားချောင်းကျေးရွာ၌ မဲခေါင်-လန်ချန်း အထူးစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေသန့်စင်စနစ်ဖြင့် ကျေးရွာသောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၇ ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်နှင့် တာဝန်ရှိသူများက ဘုရားချောင်းကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် တွေ့ဆုံကာ ရေသန့်စင်စနစ်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး စီမံကိန်းဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ဘုရားချောင်းကျေးရွာ၌ မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေကျပ် ၁၅၀ ဒသမ ၅ သန်း အသုံးပြုကာ ရေသန့်စင်စနစ်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းကို ယခုနှစ် မတ်လဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်း၏ ၃၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်ထံမှ သိရသည်။

**သန်းသန်းမိုး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံတကာ သတင်းများ

# အားကစားကိုနိုင်ငံရေးပုံသွင်းမှု ဆန့်ကျင်ရာတွင် အိုင်အိုစီနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း တရုတ်ဝန်ကြီးချုပ်ပြောကြား



**ပေကျင်း မေ ၈**

အားကစားလောကအား နိုင်ငံရေးပုံသွင်းမှုများကို ဆန့်ကျင်ရေးအတွက် နိုင်ငံတကာအိုလံပစ်ကော်မတီ(အိုင်အိုစီ)နှင့် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ယနေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရုရှားအားကစားသမားများအား နိုင်ငံတကာအားကစားပြိုင်ပွဲများမှထုတ်ပယ်ရန် အားကစားအဖွဲ့ချုပ်များကို အနောက်အုပ်စုနိုင်ငံများက တောင်းဆိုနေချိန်တွင် တရုတ်ဝန်ကြီးချုပ်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီချန်းသည် နိုင်ငံတကာ အိုလံပစ်ကော်မတီ(အိုင်အိုစီ)အကြီးအကဲ သောမတ်ဘက်ချ်နှင့် ပေကျင်းမြို့၌ မေ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အားကစားကို နိုင်ငံရေးပုံသွင်းမှုများအားဆန့်ကျင်ရေး၊ အိုလံပစ်လှုပ်ရှားမှုများ၌ ပိုမိုပါဝင်နိုင်ရေးတို့အတွက် အိုင်အိုစီနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ဆန္ဒရှိကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက အိုင်အိုစီအကြီးအကဲနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အိုင်အိုစီသည် ရုရှားနှင့် ဘီလာရုစ်အားကစားသမားများကို အိုလံပစ်အားကစားပွဲတော်များ၌ ပါဝင်ခွင့်ပိတ်ပင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ဗြိတိန်အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံတို့၏ ဖိအားပေးတောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

ရုရှားနှင့် ဘီလာရုစ်အားကစားသမားများကို အိုလံပစ်အားကစားပွဲတော်များ၌ ကြားနေအားကစားသမားများအဖြစ် ပါဝင်ခွင့်ပေးရန် လမ်းဖွင့်ထားသည်ဟု အိုင်အိုစီက ယခုနှစ်ဇန်နဝါရီလအတွင်း ကြေညာထားကြောင်း သိရသည်။ KKO

# ဆီးရီးယားကို အဖွဲ့ဝင်နိုင်ငံအဖြစ် အာရပ်အဖွဲ့ချုပ် ပြန်လည်လက်ခံ

**ကိုင်ရို မေ ၈**

အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားနိုင်ငံကို မေ ၇ ရက်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်လက်ခံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံ အနေဖြင့် အာရပ်အဖွဲ့ချုပ် အစည်းအဝေးများ၌ ယခုမှစ၍ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ် ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် ဆီးရီးယားပြည်တွင်းစစ်၏နောက်ဆက်တွဲပြဿနာများဖြစ်သော ဒုက္ခသည်များပြဿနာနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုပြဿနာများအတွက် အဖြေရှာရန်လည်း ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်က တိုက်တွန်းထားသည်။

အာရပ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်ကြောင့် ဆီးရီးယားနိုင်ငံနှင့် ပုံမှန်သံတမန်ဆက်ဆံရေးပြန်လည်ထားရှိရေးအတွက်လည်း နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုပိုမိုခိုင်မာလာခဲ့ရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)အပါအဝင် အချို့သောအာရပ်နိုင်ငံများသည် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်ထည့်သွင်းရန် ကြိုးစားခဲ့သည်။

သို့သော် အချို့သောအာရပ်နိုင်ငံများကမူ ဆီးရီးယားစစ်ရေးပဋိပက္ခကိုနိုင်ငံရေးအရ အဖြေမရှာနိုင်သေးသမျှ ဆီးရီးယားနှင့်ပုံမှန်ဆက်ဆံရေး ပြန်လည်ထားရှိမှုကို ကန့်ကွက်ထားကြသည်။

အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားပြည်တွင်းစစ် ၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

KKO

# ပီရူး၌ ရွှေတွင်းတစ်တွင်း မီးလောင်မှုဖြစ်ပွား အလုပ်သမား ၂၇ ဦးသေဆုံး

**လီမာ မေ ၈**

ပီရူးနိုင်ငံတောင်ပိုင်း ရွှေတွင်းတစ်တွင်း၌ မေ ၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး အလုပ်သမား ၂၇ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရွှေတွင်း မီးလောင်မှုသည် ပီရူးနိုင်ငံ၏ မျက်မှောက်သမိုင်းတစ်လျှောက် အဆိုးရွားဆုံး သတ္တုတူးဖော်ရေးလုပ်ငန်း မတော်တဆမှုဖြစ်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရွှေတွင်း၏ မြေအောက်အနက်မီတာ ၁၀၀ ခန့်၌ အလုပ်သမားများရှိနေစဉ် လျှပ်စစ်ဓာတ်ကြိုးပြဿနာတစ်ရပ်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုအတွင်း သေဆုံးခဲ့ရသူများ၏ အသေးစိတ်အချက်အလက်များအား ရဲတပ်ဖွဲ့က ရယူပြီးချိန် မေ ၇ ရက်မှသာ ရွှေသတ္တုတွင်းမီးလောင်မှုဖြစ်စဉ်ကို ပီရူးတာဝန်ရှိသူများက အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

ပီရူးနိုင်ငံသည် လက်တင်အမေရိကတိုက်၌ ရွှေနှင့်ကြေး သတ္တုများကို အများဆုံးတူးဖော်ထုတ်လုပ်ရောင်းချနေသောနိုင်ငံဖြစ်သည်။

သတ္တုတူးဖော်ရေးလုပ်ငန်းမှရရှိသည့်ဝင်ငွေသည် ပီရူးနိုင်ငံ၏ နှစ်စဉ်ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) စုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းနှင့်ညီမျှကြောင်း သိရသည်။ KKO



# အိန္ဒိယနိုင်ငံတွင် ခရီးသွားရေယာဉ်တစ်စီးနစ်မြုပ် အနည်းဆုံး လူပေါင်း ၂၂ ဦးသေဆုံး

**ဒေလီ မေ ၈**



အိန္ဒိယနိုင်ငံ တောင်ပိုင်း မြစ်ကြောင်းတစ်ခု၌ မေ ၇ ရက်က ခရီးသွား ဧည့်သည်တင်ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ အနည်းဆုံး လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးသမားများအနေဖြင့် ယနေ့ထိရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိမ်းမှောက်ခဲ့သည့် ရေယာဉ်ပေါ်၌ လိုက်ပါသွားသူအရေအတွက် အတိအကျကို မသိရသေးကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်သည် ကေရာလာပြည်နယ် တာနောမြို့အနီးမြစ်ဝတစ်ခု၌တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ကနဦး ခန့်မှန်းချက်များအရ အဆိုပါရေယာဉ်ပေါ်၌ လိုက်ပါသွားသူ ဦးရေ ၄၀ ခန့်ထိရှိနိုင်ပြီး အများစုမှာ ပြည်တွင်းအပျော်ခရီးသွားများဖြစ်နိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေယာဉ် တိမ်းမှောက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ တာဝန်ရှိသူများကို အရေးယူမည်ဖြစ်သည်ဟု ကေရာလာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# အနောက်ဘက်ကမ်းဒေသသို့ လက်နက်မှောင်ခိုသွင်းသူ ဂျော်ဒန်လွှတ်တော်အမတ်ကို အစ္စရေးပြန်လွှတ်

**ဂျေရုဆလင် မေ ၈**

အစ္စရေးနိုင်ငံ အနောက်ပိုင်း အနောက်ဘက်ကမ်း ဒေသသို့ လက်နက်နှင့်ရွှေများ မှောင်ခိုသွင်းယူမှုဖြင့် တရားစွဲခံထားရသည့် ဂျော်ဒန် လွှတ်တော်အမတ်တစ်ဦးကို အစ္စရေးနိုင်ငံက ယနေ့တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျော်ဒန်လွှတ်တော်အမတ်များသည် အိုင်မက်အော့ဝင်အမည်ရှိ အဆိုပါလွှတ်တော်အမတ်၏ တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့်ကို ပြန်လည်ရုပ်သိမ်းရန် မေ ၇ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြစ်ရာ အိုင်မက်အော့ဝင်၏ အမှုကို ဂျော်ဒန်နိုင်ငံတော်လုံခြုံရေးတရားရုံးက တရားစီရင်နိုင်ရေးအတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။


ဂျော်ဒန်လွှတ်တော်အမတ်၏ မဲခွဲပွဲရလဒ် ပေါ်ထွက်ခဲ့ပြီးနောက် အစ္စရေးတာဝန်ရှိသူများက ဂျော်ဒန်နိုင်ငံ၌ တရားစီရင်နိုင်ရေးအတွက် အိုင်မက်အော့ဝင်ကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

အစ္စရေးထောက်လှမ်းရေးအဖွဲ့၏အဆိုအရ အိုင်မက်အော့ဝင်သည် ၎င်း၏အရှိန်အဝါကိုအသုံးချ၍ အနောက်ဘက်ကမ်းဒေသသို့ ရွှေနှင့်လက်နက်များ ၁၂ ကြိမ်ထိ ခိုးသွင်းခဲ့ကြောင်း သိရသည်။

ဂျော်ဒန် လွှတ်တော်အမတ် အိုင်မက်အော့ဝင်ကို အစ္စရေးထောက်လှမ်းရေးအဖွဲ့က ယခုနှစ်ဧပြီလအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နီအာနှင့် ပရိုတီးယပ်စ်အိုးရှင်းအမည်ရှိ ကုမ္ပဏီတစ်ခုတို့က ကမ္ဘာ့ပထမဆုံး သမုဒ္ဒရာရေအောက်သုတေသနစခန်းကို ပူးတွဲတည်ဆောက်မည်



**ဝါရှင်တန် မေ ၈**

အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့်လေထုလ္ဘာ သုတေသနအေဂျင်စီ(နိုအာ)နှင့် ပရိုတီးယပ်စ်အိုးရှင်း အမည်ရှိ ကုမ္ပဏီတစ်ခုတို့သည် ကမ္ဘာ့ပထမဆုံး သမုဒ္ဒရာရေအောက် သုတေသနစခန်းကို ပူးတွဲတည်ဆောက်မည်ဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက မေ ၇ ရက်က ရေးသားတင်ပြထားသည်။

ပင်လယ်ရေအောက် သက်ရှိများဘဝနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက်ချက်တို့ကို လေ့လာရေးအတွက် အဆိုပါ သမုဒ္ဒရာရေအောက် သုတေသနစခန်းကို တည်ဆောက်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ပရိုတီးယပ်စ်ဟု၍ အမည်ပေးထားသည့် ရေအောက်သုတေသနစခန်းကို ကာရစ်ဘီယံပင်လယ်ဒေသ ကူရာကာအိုကျွန်းကမ်းလွန်၌ တည်ဆောက်မည်ဖြစ်ကြောင်း နိုအာနှင့်ပရိုတီးယပ်စ်အိုးရှင်းတို့၏ ပူးတွဲကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါပင်လယ်ရေအောက်သုတေသနစခန်းကြောင့် သိပ္ပံပညာရှင်များအနေဖြင့် ပင်လယ်ကြမ်းပြင်ဒေသ ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါရေအောက်သုတေသနစခန်းကို အသုံးပြု၍ ရာသီဥတု ပြောင်းလဲမှုပြဿနာမှ သမုဒ္ဒရာများနှင့် ကမ္ဘာတို့ကို ကာကွယ်ရေးအတွက် နည်းလမ်းသစ်များလည်း ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပရိုတီးယပ်စ်ရေအောက်သုတေသနစခန်း စတင်တည်ဆောက်မည့်အချိန်ကို မသိရသေးကြောင်း သိရသည်။ KKO


## တီယန်ဝန်-၁ အင်္ဂါဂြိုဟ်ပတ်ယာဉ်က ဖန်တီးထားသောမြေပုံများကို တရုတ်အမျိုးသားအာကာသအေဂျင်စီ ဖော်ထုတ်ပြသထား

**ပေကျင်း မေ ၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ဝန်-၁ အင်္ဂါဂြိုဟ်ပတ်ယာဉ်က ဖန်တီးထားသော မြေပုံများကို ဖော်ထုတ်ပြသထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

တီယန်ဝန်-၁ အာကာသယာဉ်က ရေးထုတ်ထားသော အင်္ဂါဂြိုဟ်မြေပုံများတွင် အင်္ဂါဂြိုဟ်အရှေ့ယဉ်စွန်းတန်းမြေပုံများ၊ အနောက်ယဉ်စွန်းတန်းမြေပုံများနှင့် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်တစ်ခုလုံးဆိုင်ရာ မြေပုံများပါဝင်ကြောင်း သိရသည်။

တီယန်ဝန်-၁ အာကာသယာဉ်သည် အဆိုပါမြေပုံများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် ဇူလိုင်လထိ ကိုးလတာကာလအတွင်း ရယူထားသောအချက်အလက်များဖြင့် ဖန်တီးပေးထားခြင်းဖြစ်ကြောင်း သိရသည်။



အထက်ပါကာလအပိုင်းအခြားအတွင်း တီယန်ဝန်-၁ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို ပတ်ရေ ၂၈၄ ပတ်ထိ ပတ်ခဲ့ပြီး ဓာတ်ပုံ ၁၄၇၅၇ ပုံရိုက်ကူးခဲ့ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ခန့်တွင် အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်တစ်ခု လွှတ်တင်ရန် စီစဉ်ထားသည်။

တီယန်ဝန်-၂ အမည်ရှိ အဆိုပါမစ်ရှင်ဖြင့် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကို ရယူရန် တရုတ်အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်လွှတ်တင်ရေးအတွက် ပြင်ဆင်နေ

**ပေကျင်း မေ ၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၇ ရက်က ရေးသားတင်ပြထားသည်။

တရုတ် အာကာသအေဂျင်စီသည် မေ ၇ ရက်တွင် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်နှင့် ၎င်းကုန်တင်ယာဉ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့် လောင်းမတ်ချ်-၇ ဝိုင် ၇ ဒုံးပျံကို ပစ်လွှတ်နယ်မြေဆီသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို ယခုလအတွင်း သင့်လျော်သည့်အချိန်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

တီယန်ကျိုး-၆ ကို မလွှတ်တင်မီ အကြိုစမ်းသပ်စစ်ဆေးမှုများကို ပြုလုပ်မည်ဖြစ်သည်ဟု တရုတ် အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းရှိ ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် ပစ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၆ သည် တီယန်ကောင်းအာကာသစခန်းအတွက် စားရေရိက္ခာနှင့် သိပ္ပံပညာဆိုင်ရာ စမ်းသပ်ပစ္စည်းများ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သွေးဖိအားလျှော့ချထားနိုင်ရေးအတွက် ဖုန်းစကားပြောချိန်ကို အနည်းဆုံးထားရှိသင့်

**ပေကျင်း မေ ၈**

သွေးဖိအားကို လျှော့ချထားနိုင်ရေးအတွက် နှလုံးကျန်းမာရေးကို ထိန်းထားနိုင်ရေး မိုဘိုင်းဖုန်းများဖြင့် စကားပြောချိန်ကို အနည်းဆုံးထားရှိသင့်ကြောင်း The Daily Mail သတင်းစာက မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ရက်သတ္တပတ်လျှင် မိုဘိုင်းဖုန်းပြောချိန် မိနစ် ၃၀ ထိရှိမှုသည် သွေးဖိအားမြင့်တက်လာနိုင်ခြေ မြင့်မားလာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

ထို့ပြင် တစ်ရက်လျှင် ဖုန်းစကားပြောချိန် တစ်နာရီထိရှိသူများတွင်မူ သွေးဖိအားမြင့်တက်နိုင်ခြေ အမြင့်မားဆုံးအဆင့်သို့ ရောက်နေတတ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် လူဦးရေ ၂၀၀၀၀၀ ကျော်၏ ကျန်းမာရေးအချက်အလက်များနှင့် ဖုန်းပြောချိန်အတိုင်းအဆကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့် ရလဒ်များအရ ရက်သတ္တပတ်လျှင် ဖုန်းပြောချိန် ခြောက်နာရီထိရှိသူများတွင် သွေးဖိအားမြင့်တက်လာနိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် ရက်သတ္တပတ်လျှင် ဖုန်းပြောချိန် မိနစ် ၃၀ အထက်ရှိသူများတွင်မူ သွေးဖိအားမြင့်တက်လာချိန်မှာ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်း ပိုမြင့်မားသည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## အယ်ဇိုင်းမားလူနာများ မှတ်ဉာဏ်ကျဆင်းမှုကို အိပ်ရေးဝဝအိပ်ခြင်းဖြင့် ကာကွယ်နိုင်ဖွယ်ရှိ

**နယူးယောက် မေ ၈**

အိပ်ရေးဝဝလင်လင် အိပ်စက်ရမှုသည် အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသည့် မှတ်ဉာဏ်ကျဆင်းမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

အိပ်ရေးဝဝ မအိပ်ရမှုသည် ဦးနှောက်အတွင်း ဘီတာ-အမိုင်းလွိုက် ခေါ် ပရိုတင်းတစ်မျိုး ပိုမိုမြန်ဆန်စွာ စုစည်းလာတတ်မှုနှင့် ဆက်စပ်လျက်ရှိသည်။

သို့ရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်မှုသည် အယ်ဇိုင်းမားရောဂါလူနာများ၌ ရှိတတ်သော မှတ်ဉာဏ်ကျဆင်းမှုကို ကာကွယ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

လူတစ်ဦး၏ အိပ်ရေးဝဝအိပ်စက်နိုင်သည့် အချိန်ကာလကျဆင်းမှုကို လေ့လာခြင်းဖြင့် ဦးနှောက်အတွင်း ဘီတာ-အမိုင်းလွိုက်ပရိုတင်းများ မည်မျှမြန်မြန်စုစည်းလာနိုင်မှုကို ကြိုတင်ဖော်ထုတ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၆၂ ဦးကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်များကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်နိုင်မှုသည် အယ်ဇိုင်းမားလူနာများ၏ မှတ်ဉာဏ်အရည်အသွေးအတွက် အရေးကြီးသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဟက်စ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဆဲလ်တစ်အသင်း စကော့တလန်ပရီးမီးယားရှစ်ဖလားကို နှစ်နှစ်ဆက်ဆွတ်ခူး



**အီဒင်ဘာ့ဂ် မေ ၈**

စကော့တလန်အမှတ်ပေးပြိုင်ပွဲတွင် ဆဲလ်တစ်အသင်းက ဟက်စ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ချန်ပီယံဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆဲလ်တစ်အသင်းသည် ဟက်စ်အသင်းကို အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးပွဲ ၃၄ ပွဲအပြီး ရမှတ် ၉၅ မှတ်ထိရရှိခဲ့ပြီး အဆင့်(၂)နေရာမှ ရိန်းဂျားအသင်းကို ရမှတ် ၁၃ မှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် လက်ကျန်ပွဲကစားရန် လေးပွဲအလိုတွင် ချန်ပီယံဆုဖလားရရှိခဲ့ပြီး ဘောလုံးရာသီ နှစ်ရာသီဆက် ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းနည်းပြ ပိုစတီဂိုဂလူက "အခုလို ချန်ပီယံဆုဖလားကိုကာကွယ်နိုင်ခဲ့လို့ ဂုဏ်ယူမိပါတယ်။ ကစားသမားတွေနဲ့ နည်းပြအဖွဲ့တွေအားလုံးကလဲ ကျွန်တော့်ဘက်မှာ အမြဲတမ်းရပ်တည်ပေးခဲ့တာကြောင့် ရလဒ်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့တာပါ။ ကျွန်တော်တို့အသင်းက ပြီးခဲ့တဲ့နှစ်မှာ ဖလားရရှိထားတာကြောင့် အမြဲတမ်းဖိအားရှိနေပါတယ်။ ဒါကြောင့် ရာသီစတာနဲ့ ကျွန်တော်တို့အသင်းက ရည်မှန်းချက်ထားပြီး အကောင်းဆုံးစတင်ခဲ့တာပါ။ ကစားသမားတွေအနေနဲ့ပုံစံကောင်းကိုထိန်းသိမ်းနိုင်ခဲ့လို့ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ဆဲလ်တစ်အသင်းသည် နည်းပြ ပိုစတီဂိုဂလူလက်ထက်၌ ပုံစံကောင်းရရှိခဲ့သဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း စကော့တလန်လိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါ အမှတ်ပေးချန်ပီယံဖလားကို ထပ်မံရယူနိုင်ခဲ့သဖြင့် ဆုဖလားနှစ်လုံးရရှိခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲထိတက်ရောက်ခဲ့ကာ ဒုတိယတန်းကလပ် အင်ဗားနက်စ်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ဆုဖလားရယူနိုင်ရန်အခြေအနေကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

ML

# Mutua Madrid Open ချန်ပီယံဆုကို အယ်ကာရက်ဇ် ကာကွယ်နိုင်ခဲ့

**မက်ဒရစ် မေ ၈**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပခဲ့သည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံစပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဂျာမနီတင်းနစ်ကစားသမား ဂျန်လန်နက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က(၆-၄၊၃-၆၊၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်ဟု CBCသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်ရှိ အယ်ကာရက်ဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ချန်ပီယံဆုဖလား ၁၀ လုံးထိရရှိခဲ့ပြီဖြစ်ပြီး ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကိုလွှဲပြောင်းရယူနိုင်ရန်အခွင့်အရေးကောင်းများလည်း ပိုင်ဆိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၆၅)နေရာတွင် ရပ်တည်နေသည့် ဂျန်လန်နက်သည် ကမ္ဘာ့အဆင့်(၂)နေရာတွင်ရပ်တည်နေသော အယ်ကာရက်ဇ်ကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သလို သူတင်ကိုယ်တင် ကစားနိုင်ခဲ့ကာ ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရှိခဲ့ကာ အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သလို ပရိသတ်များအကြိုက်တွေ့စေသည့်ပွဲလည်း ဖြစ်ခဲ့သည်။

ချန်ပီယံ အဆုံးအဖြတ်အတွက် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က အမှားနည်းခဲ့ပြီး အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့၍ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

အယ်ကာရက်ဇ်က "ဒီနေ့ဖိုင်နယ်ပွဲစဉ်မှာ ကျွန်တော့်အနေနဲ့ ဝမ်းသာတာထက်ကို ပိုပြီးတော့ ဝမ်းသာရပါတယ်။ မွေးရပ်မြေမှာကစားရသလို စပိန်ပရိသတ်တွေရှေ့မှာ ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တယ်။ကျွန်တော့်အတွက် ဝမ်းသာစရာဖြစ်သလို ဂုဏ်ယူစရာလဲ ကောင်းပါတယ်။ ဒီနေ့ပွဲစဉ်က ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ပြိုင်ဘက်ကစားသမားရဲ့ ဖိအားပေးမှုကြောင့် စိတ်လှုပ်ရှားခဲ့ရတယ်။ဘယ်လောက်ပဲအခက်အခဲတွေနဲ့ရင်ဆိုင်ခဲ့ရပါစေ အဆုံးသတ်မှာ ဆုဖလားကိုင်မြှောက်ခွင့်ရခဲ့တဲ့အတွက်ပျော်ရွှင်ခဲ့ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# နယူးကာဆယ်အသင်းက ရာဖင်ဟာကို မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းရန်ကြိုးပမ်း

**လန်ဒန် မေ ၈**

နယူးကာဆယ် အသင်းသည် ဘာစီလိုနာအသင်း၌တစ်နှစ်လုပ်ခလစာ ယူရို ၁၂ သန်းရရှိနေသည့် တောင်ပံကစားသမား ရာဖင်ဟာကို မြင့်မားသည့် လုပ်ခလစာဖြင့် ကမ်းလှမ်းရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖင်ဟာသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိပြီးနောက် နည်းပြဇာဗီလက်အောက်တွင် ပုံစံကောင်းပြသနိုင်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲ ၃၁ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အသင်းအနေဖြင့် တိုက်စစ်မှူး မက်ဆီကို ပြန်လည်ခေါ်ယူရန် စီစဉ်နေသဖြင့် ဘဏ္ဍာရေးလိုအပ်ချက်ရှိနေသောကြောင့် တောင်ပံကစားသမား ရာဖင်ဟာကို ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ရာဖင်ဟာသည် ဘာစီလိုနာအသင်း၌ တစ်ပတ်လုပ်ခ ယူရို ၂၃၀၀၀၀ ဖြင့် တစ်နှစ်လျှင် ယူရို ၁၂ သန်းထိရရှိနေသူဖြစ်သော်လည်း နယူးကာဆယ်အသင်းက တစ်နှစ်လုပ်ခ ယူရို ၁၂ သန်းထက် ပိုများသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့ပြီး ရာဖင်ဟာကို ပရီးမီးယားလိဂ်သို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

နည်းပြဟိုဝီဦးဆောင်နေသည့် နယူးကာဆယ်အသင်းသည် လက်ရှိပရီးမီးယားလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၃)သို့နေရာသို့ရောက်ရှိနေကာ လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် သေချာနေသောကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ခြေစွမ်းပြကစားသမားများ ထပ်မံခေါ်ယူရန်အတွက် ငွေကြေး ပိုမိုသုံးစွဲသွားမည်ဖြစ်ပြီး အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က စိတ်ဝင်စားနေသည့် ရာဖင်ဟာကို လက်ဦးမှုရယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# ဘန်လေအသင်းက ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်နည်းပြကွန်ပနီကို ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

**လန်ဒန် မေ ၈**

ဘန်လေအသင်းကို ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြကွန်ပနီကို အသင်းတာဝန်ရှိသူများက ဂုဏ်ပြုသည့်အနေဖြင့် ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘန်လေအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရပြီးနောက် နည်းပြဒိုက်ချီကို ရာထူးမှ ထုတ်ပယ်ကာ မန်စီးတီးအသင်းကစားသမားဟောင်း ကွန်ပနီကိုတစ်နှစ်စာချုပ်ဖြင့် နည်းပြအဖြစ်ခန့်အပ်ခဲ့ရာ ၎င်းအနေဖြင့် အသင်းကို ချန်ပီယံရှစ်ဖလားရယူပေးခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် အသင်းတာဝန်ရှိသူများက နည်းပြကွန်ပနီကို ဂုဏ်ပြုသည့်အနေဖြင့် နောက်ထပ် ငါးနှစ်သက်တမ်းတိုးကာ လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ကွန်ပနီ၏ ဦးဆောင်မှုဖြင့် လာမည့်နှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုများရရှိနိုင်မည်ဟု ယုံကြည်ထားကြောင်း သိရသည်။

ဘန်လေအသင်းဥက္ကဋ္ဌ အလန်းပေ့စ်က "ကွန်ပနီဟာ ဘန်လေအသင်းကို အောင်မြင်မှုရရှိအောင် ဘယ်လို လုပ်ဆောင်ရမယ်ဆိုတာ သိနေပါတယ်။ ဒါကြောင့် သူဟာ အသင်းကို အကောင်းဆုံးဦးဆောင်ပြီး ရလဒ်ကောင်းတွေရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူဟာ ထူးခြားတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ပါ။ သူဟာ ဘန်လေအသင်းကို နောက်တစ်ဆင့်ကို ပို့ဆောင်ပြီး ကျွန်တော်တို့အားလုံးလိုချင်နေတဲ့ အောင်မြင်မှုကိုရယူပေးနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။



နည်းပြကွန်ပနီသည် ဘန်လေအသင်းကို ချန်ပီယံရှစ်ပြိုင်ပွဲ ၄၅ ပွဲကစားအပြီးတွင် ရမှတ် ၉၈ မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ရှက်ဖီးလ်(U)အသင်းကို ရမှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် ပြိုင်ပွဲမပြီးဆုံးမီ ဆုဖလားရယူပေးနိုင်ခဲ့ကာ လာမည့်ပွဲစဉ်တွင် နိုင်ပွဲထပ်မံရရှိပါက ချန်ပီယံသမိုင်းတွင် ရမှတ် ၁၀၀ကျော်ရရှိသည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- နာပိုလီအသင်းဘုတ်အဖွဲ့က အသင်းကို စီးရီးအေဆုဖလားရယူပေးခဲ့သည့် နည်းပြစပယ်လက်တီကို လာမည့် ၂၀၂၄ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ဘိုင်ယန်မြူနစ်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသည့် ကန်ဆယ်လိုက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် အေးဂျင့်ဖြစ်သူဂျော့မန်ဒက်ရှ်ကို အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။
- နာပိုလီ၊ ဘာစီလိုနာ၊ နယူးကာဆယ်၊ မန်ယူအသင်းတို့အပါအဝင် ဥရောပထိပ်တန်းကလပ်များက စိတ်ဝင်စားနေသည့် တိုက်စစ်မှူး မူအာနီကို ယူရို သန်း ၉၀ အထက်ရရှိမှသာ ရောင်းချမည်ဟု ဖရန့်ဖတ်အသင်းအမှုဆောင်ဒါရိုက်တာ ဟဲလ်မန်းက ပြောကြားခဲ့သည်။ ML

# လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည့်အတွက် အတ္တလန်တာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ရ



**ရောမ မေ ၈**

အီတလီစီးရီးအေ ပွဲစဉ်(၃၄) အဖြစ်ကစားခဲ့သည့် အတ္တလန်တာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်တွင် လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည့်အတွက် ပွဲစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ရသည်ဟုThe Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီစီးရီးအေ ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဂျူဗင်တပ်အသင်းက အတ္တလန်တာအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့် အဆိုပါပွဲစဉ်တွင် အတ္တလန်တာအသင်းပရိသတ်များက ဆားဘီးယားနိုင်ငံသား ဗလာဟိုဗစ်ကို ပွဲကစားချိန်အတွင်းအော်ဟစ်ပြီး လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အတ္တလန်တာအသင်းပရိသတ်များက ဗလာဟိုဗစ်ကို အော်ဟစ်ကာ လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး ဒါနီရယ်က ပွဲကိုချက်ချင်းရပ်ဆိုင်းခဲ့ပြီး ပရိသတ်များကို ထိန်းသိမ်းစေခဲ့ပြီးနောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပခဲ့သည်။

သို့သော် အတ္တလန်တာအသင်းပရိသတ်များက ပွဲပြန်လည်ကစားချိန်တွင်လည်း ဗလာဟိုဗစ်ကို လူမျိုးရေးခွဲခြားမှုများ ဆက်လက်ပြုလုပ်ခဲ့ကြပြီး ဗလာဟိုဗစ်အနေဖြင့် ပွဲချိန် ၉၈ မိနစ်တွင် အသင်းအတွက် သွင်းဂိုးကိုသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သည်။

ဗလာဟိုဗစ်က ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၎င်းကို အော်ဟစ်လှောင်ပြောင်ခဲ့ကြသည့် အတ္တလန်တာအသင်းပရိသတ်များရှိရာသို့ သွားရောက်ပြီး လက်ညှိုးကို နှုတ်ခမ်းတွင်ကပ်ကာ တုံ့ပြန်အောင်ပွဲခံခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး ဒါနီရယ်က ဗလာဟိုဗစ်ကို သတိပေးမှုပြုလုပ်ခဲ့သည်။

အတ္တလန်တာအသင်းက အဆိုပါပွဲစဉ်အပြီး ဗလာဟိုဗစ်ကိုလူမျိုးရေးခွဲခြားခဲ့သည့်အသင်း ပရိသတ်များကိုအရေးယူမှု ပြုလုပ်သွားမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။ STA

# Wells Fargo Championshipပြိုင်ပွဲ ချန်ပီယံဆုကို ဝိုင်ဟမ်ကလက်ခ် ဆွတ်ခူး

**လန်ဒန် မေ ၈**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပခဲ့သည့် Wells Fargo Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဝိုင်ဟမ်ကလက်ခ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟာရစ်အင်္ဂလိရှ်နှင့်အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တိုင်ရယ်ဟက်တန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့သည်။

Wells Fargo Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်တွင် ဆုကြေးငွေတိုးမြှင့်သတ်မှတ်ထားသည့် ပြိုင်ပွဲဖြစ်ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ဝိုင်ဟမ်ကလက်ခ်အနေဖြင့် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းထိရရှိခဲ့သည်။

ဝိုင်ဟမ်ကလက်ခ် အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် PGA Tour တွင် ပထမဆုံးသော ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး PGA Tour တွင် ကျင်လည်ခဲ့သော ငါးနှစ်တာကာလအတွင်း ပထမဆုံးအောင်မြင်မှုကို ရရှိခဲ့သည့်အတွက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ဝိုင်ဟမ်ကလက်ခ်က "PGA Tour မှာကျင်လည်ခဲ့တာ ငါးနှစ်တာကာလရှိခဲ့ပြီ။ ပထမဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ PGA Tour မှာ ချန်ပီယံဆုဖလားတစ်လုံးတော့ ရခဲ့သင့်တာကြာပါပြီ။ ဒါပေမဲ့ အခုလဲနောက်မကျသေးပါဘူး။ အခုလိုကာလရှည် စောင့်ဆိုင်းခဲ့ရတဲ့ အောင်မြင်မှုတစ်ခုကိုရယူနိုင်ခဲ့လို့ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မီလီစီးနှင့်ပွဲစဉ်သည် လက်ဝှေ့မယ်ဘဝ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည်ဟု လန်နီဒန်နီရယ်ဆို

**အော့ကလန် မေ ၈**

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံနေရာအတွက် နယူးဇီလန်လက်ဝှေ့မယ် မီလီစီးနှင့် ထိုးသတ်မည့် လန်နီဒန်နီရယ်သည် လက်ဝှေ့မယ်ဘဝ နောက်ဆုံးနှုတ်ဆက်ပွဲအနေဖြင့် ထိုးသတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု Ring News 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးဇီလန်လက်ဝှေ့မယ် လန်နီဒန်နီရယ်နှင့် မီလီစီးတို့သည် မေ ၂၇ ရက်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ထိုးသတ်သွားမည်ဖြစ်ပြီး လက်ဝှေ့မယ်ဘဝကို နှုတ်ဆက်မည့် စိန်ခေါ်ပွဲဖြစ်သည့်အတွက် အောင်မြင်မှုဖြင့်နှုတ်ဆက်ခွင့်ရလိုသည်ဟု လန်နီဒန်နီရယ်က ပြောကြားခဲ့သည်။

လန်နီဒန်နီရယ်သည် ၂၀၁၇ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်လက်ဝှေ့မယ်ဘဝသို့ ကူးပြောင်းလာခဲ့သူဖြစ်ပြီး လက်ရှိANBF Australasian Heavyweight ချန်ပီယံတစ်ဦးဖြစ်ကာ စိန်ခေါ်ပွဲ ၁၁ ပွဲတွင် ခုနစ်ပွဲအနိုင်ရရှိကာ နှစ်ပွဲသရေ နှစ်ပွဲရှုံး မှတ်တမ်းကိုလည်းပိုင်ဆိုင်ထားသူဖြစ်သည်။

မီလီစီးသည် လက်ဝှေ့မယ်ဘဝ စိန်ခေါ်ပွဲ ရှစ်ပွဲတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးမှတ်တမ်းကို ရရှိထားသည်။

လန်နီဒန်နီရယ်က "IBFကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံနေရာအတွက် မေ ၂၇ ရက်မှာထိုးသတ်သွားရမဲ့ စိန်ခေါ်ပွဲက ကျွန်မဘဝအတွက် ဂုဏ်ယူစရာကောင်းတဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမှာဖြစ်သလို ကစားသမားဘဝကို နှုတ်ဆက်မဲ့ စိန်ခေါ်ပွဲလဲဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲမှာ အနိုင်ရရင် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမယ်။ ကျွန်မအနေနဲ့နိုင်သည်ဖြစ်စေရှုံးသည်ဖြစ်စေ ဒီစိန်ခေါ်ပွဲဟာ လက်ဝှေ့မယ်ဘဝရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲဖြစ်လာလိမ့်မယ်။ ဒီစိန်ခေါ်ပွဲပြီးရင် လက်ဝှေ့မယ်ဘဝကနေ အနားယူတော့မှာပါ။ဒီလိုနှုတ်ဆက်ပွဲမျိုးမှာ ကျွန်မအနေနဲ့ အနိုင်ရလဒ်ရချင်တယ်။ ကမ္ဘာ့ချန်ပီယံတစ်ဦးအနေနဲ့လက်ဝှေ့မယ်ဘဝကိုစွန့်လွှတ်ခွင့်ရချင်တယ်။ ကျွန်မဘဝအတွက် အမြဲတမ်း အမှတ်တရဖြစ်နေစေမဲ့ စိန်ခေါ်ပွဲဖြစ်လာပါလိမ့်မယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ပီအက်စ်ဂျီအသင်းက နည်းပြဂယ်တီယာ၏နေရာတွင် ရိုးမားအသင်းနည်းပြ မော်ရင်ဟိုနှင့် အစားထိုးရန်ပြင်ဆင်



**ပဲရစ် မေ ၈**

ပီအက်စ်ဂျီအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြဂယ်တီယာ၏နေရာ၌ရိုးမားအသင်းနည်းပြမော်ရင်ဟိုနှင့်အစားထိုးရန် အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က နည်းပြ ပိုချက်တီနိုကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နိုက်အသင်းနည်းပြ ဂယ်တီယာကို နှစ်နှစ်စာချုပ်ဖြင့်ခန့်အပ်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက မက်ဆီ၊ နေမာ၊ အမ်ဘက်ပီ အစရှိသည့် ကမ္ဘာ့ထိပ်တန်း ကစားသမားများ ရှိနေသော်လည်း ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် နည်းပြဂယ်တီယာ အပါအဝင်မက်ဆီနှင့်နေမာတို့ကိုပါ ရောင်းချပြီး အသင်းကိုကြီးကြီးမားမား အပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၆၀ ရှိ မော်ရင်ဟိုသည် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ပေါ်တိုအသင်း၊ အင်တာမီလန်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့တွင် ချန်ပီယံလိဂ်ဆုဖလားများဆွတ်ခူးနိုင်ခဲ့ပြီး အတွေ့အကြုံကောင်းများ ရှိနေသည့်အတွက် ပီအက်စ်ဂျီအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်လိုနေခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုနှင့် ရိုးမားအသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း နည်းပြမော်ရင်ဟိုကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းကို တာဝန်ယူကိုင်တွယ် လိုနေသည့်အတွက် လက်ရှိတွင် မော်ရင်ဟို၏အေးဂျင့်နှင့် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများအကြား ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

STA

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကျင်းပမည်

**နေပြည်တော် မေ ၈**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို မေ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်စု နောက်ဆုံးနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အုပ်စု(A) နောက်ဆုံးနေ့အဖြစ် မြန်မာနှင့် မလေးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ တစ်ချိန်တည်းကစားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အုပ်စု(B) နောက်ဆုံးပွဲစဉ်များအဖြစ် စင်ကာပူနှင့်လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(A)တွင် ဗီယက်နမ်အသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းက သုံးမှတ်စီရရှိထားပြီး မလေးရှားအသင်းသည် အမှတ်မရသေးဘဲ ဗီယက်နမ်အသင်းသည် အနိမ့်ဆုံးသရေကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်ကာ မြန်မာအသင်းမှာမူ မလေးရှားအသင်းကို အနိုင်သုံးမှတ်အပြင် ဂိုးများ များသွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။

အကယ်၍ ဖိလစ်ပိုင်အသင်း အနိုင်ရပါက ခြောက်မှတ် သုံးသင်းဖြစ်နိုင်သဖြင့် မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဂိုးပြတ်သွင်းယူရန်လိုအပ်နေသည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်သည့်အကြိမ်တိုင်း အနိမ့်ဆုံး ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီးပွားရေးအကျပ်အတည်းကြား ရုန်းကန်နေရသော ပါကစ္စတန်

**မောင်သောင်းဝင်း(တမန်ဟောင်း)**



ပါကစ္စတန်အစိုးရသည် တိုင်းပြည်အတွင်း ကုန်ဈေးနှုန်းကြီးမြင့်လာမှုများနှင့် စီးပွားရေးဆိုင်ရာအကျပ်အတည်းများကြောင့် ပြည်သူများခံစားနေရသည့် ဝန်ထုပ်ဝန်ပိုးများ ပြေလျော့စေရန်အလို့ငှာ မတ်လနှင့် ဧပြီလတို့တွင် နိုင်ငံတစ်ဝန်းလုံး၌ စားနပ်ရိက္ခာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းနှင့် အခမဲ့ထောက်ပံ့ပေးခြင်းများလုပ်ဆောင်ခဲ့ရသည်။ ထိုသို့ ပြည်သူများအတွက် အကူအညီများပေးအပ်ခဲ့သော်လည်း စားနပ်ရိက္ခာရရှိရေးအတွက် တိုးဝှေ့တန်းစီရာမှ နေရာအတော်များများတွင် လူအုပ်ဖြိုကျမှုကြောင့် သေကျေထိခိုက်ဒဏ်ရာရရှိမှု များစွာရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံသားများသည် အခြေခံလိုအပ်ချက်ဖြစ်သည့် ဂျုံမှုန့်တစ်အိတ်လောက် ရရှိရေးအတွက် အသက်အန္တရာယ်ကိုပင်လျှင် မငဲ့ကွက်ဘဲ တိုးဝှေ့တောင်းခံခဲ့ကြရသည်။ ထို့ကြောင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုများနှင့် အခြားလိုအပ်ချက်များသည် ပြည်သူများကို အဆိုးအကောင်းမခွဲခြားနိုင်ဘဲ ကြံမိကြံရာ လုပ်ဆောင်စေလျက်ရှိကြောင်း ပါကစ္စတန်တွင် တွေ့ရှိရသောဖြစ်စဉ်များက သက်သေပြသလျက်ရှိသည်။

ကုန်ဈေးနှုန်းမြင့်တက်မှုသည် ၃၀ ရာခိုင်နှုန်းထိရှိလာပြီး နှစ် ၅၀ အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့သဖြင့် ပါကစ္စတန်ပြည်သူ သုံးပုံ တစ်ပုံခန့်သည် ယခင်ကထက် ပိုမိုရုန်းကန်လာခဲ့ကြရပြီး စားနပ်ရိက္ခာလည်း ပိုမိုရှားပါးလာခဲ့သည်။ ပါကစ္စတန်တွင် စားနပ်ရိက္ခာရရှိရေးအတွက် တိုးဝှေ့ရာမှလူအုပ်ဖြိုကျမှုဖြစ်စဉ်များသည် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သဖြင့် တိုင်းပြည်အတွင်း မည်သို့ဖြစ်နေသနည်းဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ ဆိုရလျှင် စီးပွားရေးအကျပ်အတည်းများသည် ပါကစ္စတန်ပြည်သူအများစုကို အများဆုံးရိုက်ခတ်လျက်ရှိသည်။ အနာဂတ် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်ဟု ပါကစ္စတန်ပြည်သူများ သုံးသပ်ယူဆထားသော ပါကစ္စတန်ရှိ နိုင်ငံတကာ စီမံကိန်းများ၊ အထူးသဖြင့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (CPEC)သည် တိုင်းပြည်စီးပွားရေးအကျပ်အတည်းကို အမှန်တကယ်ဖြေလျှော့ပေးသွားနိုင်မလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

ပါကစ္စတန်၏ လက်ရှိ GDP ၊ တစ်ဦးချင်းဝင်ငွေနှင့် GDP တိုးတက်မှုနှုန်းသည် စစ်ဘေးသင့်အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံထက်ပင်လျှင် ပိုမိုနိမ့်ကျလျက်ရှိသည်။ ထို့ပြင် တိုင်းပြည်၏အလုပ်လက်မဲ့နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတို့မှာလည်း ဒေသတွင်း၌ အမြင့်ဆုံးဖြစ်နေသည်။ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းစသည့် အခြေခံရှုထောင့်မှ တစ်ဆင့် နိုင်ငံတစ်ခု၏အောင်မြင်မှုများကို တိုင်းတာသော လူသားတို့၏ဖွံ့ဖြိုးမှုအညွှန်းကိန်းအရ ပါကစ္စတန်သည် ၂၀၂၂ ခုနှစ်တွင် ၁၈၅ နိုင်ငံအနက် အဆင့် ၁၆၁ တွင် ရပ်တည်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပါကစ္စတန်သည် ကမ္ဘာ့လူသားဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံး ၂၅ နိုင်ငံထဲတွင်လည်း ပါဝင်လျက်ရှိသည်။

တိုင်းပြည်၏ လက်ရှိအခြေအနေသည် စီးပွားရေးစီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ အဂတိလိုက်စားမှု များပြားခြင်း၊ ကာကွယ်ရေးအသုံးစရိတ် များပြားခြင်းအပါအဝင် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ရလျက်ရှိသည်။ တိုင်းပြည်လူဦးရေ၏ထက်ဝက်ခန့်သည် အသက် ၂၂ နှစ်အရွယ် လူငယ်များဖြစ်သည့်အတွက် လူငယ်များ၏ ပညာရေးနှင့် နည်းပညာတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်သည်။

ပါကစ္စတန်တွင် လက်ရှိစီးပွားရေးအကျပ်အတည်းသည် အခြားသော အကြောင်းအရာများနှင့်လည်း ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် စားနပ်ရိက္ခာများ ဈေးနှုန်းအဆမတန် မြင့်တက်လာခြင်းပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် စိုက်ပျိုးထားသောလယ်မြေများ၊ မွေးမြူရေးလုပ်ငန်းများ၊ လမ်းတံတားများနှင့် အခြားသောအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရသည်။ လွန်ခဲ့သော ဩဂုတ်လတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ငွေကြေးဖောင်းပွမှုနှုန်း စံချိန်တင်မြင့်တက်လာခဲ့သည်။ ထို့ပြင် ယူကရိန်းအရေးကလည်း ပါစ္စတန်နိုင်ငံအပါအဝင် နိုင်ငံများစွာသို့ စားနပ်ရိက္ခာ တင်ပို့ရာတွင် အဟန့်အတားဖြစ်ပေါ်စေခဲ့သဖြင့် ဆန်၊ ဂျုံ၊ ပြောင်းအပါအဝင် စားနပ်ရိက္ခာဈေးနှုန်းများ စံချိန်တင်မြင့်တက်လာခဲ့သည်။

စင်စစ်အားဖြင့် ယူကရိန်းအရေးမတိုင်မီကတည်းကပင်လျှင် ပါစ္စတန်၏ စီးပွားရေးအခြေအနေသည် တည်ငြိမ်မှုမရှိဘဲ ချည့်နဲ့ယိမ်းယိုင်လျက်ရှိသည်။ ပါကစ္စတန်တွင် ငွေကြေးဖောင်းပွမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုများနှင့်ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများသည် ရေကြီးရေလျှံမှုများနှင့် ယူကရိန်းအရေးတို့ကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စားနပ်ရိက္ခာတင်သွင်းမှုအပေါ် ဆိုးကျိုးသက်ရောက်ခဲ့သဖြင့် ငွေကြေးဖောင်းပွမှုများဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် လောင်စာဆီနှင့် စက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်စေခဲ့ကြောင်း ဖော်ပြထားသည်။ ပါကစ္စတန်သည် ပြည်ပမှတင်သွင်းသည့် ရေနံအပေါ် လုံးလုံးလျားလျား မှီခိုအားထားရလျက်ရှိသည်။ တိုင်းပြည်၏ ငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းလာခြင်းကြောင့် သွင်းကုန်ရေနံအပေါ် စည်းကြပ်ခွန်များ ပိုမိုတိုးမြှင့်ကောက်ခံမှုများ လုပ်ဆောင်ခဲ့ရသည်။

ပြီးခဲ့သောလများအတွင်း ပါကစ္စတန်၏ငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းနေခြင်းကြောင့် ပြည်ပကြွေးမြီများ ပြန်လည်ပေးဆပ်ရေးအတွက် မချိနိုင်မကယ်နိုင် ဖြစ်ခဲ့ရသည်။ ပါကစ္စတန်သည် ပြည်ပချေးငွေများအပေါ် မှီခိုလည်ပတ်နေသော စီးပွားရေးပုံစံဖြင့် သွားနေသောကြောင့် ချေးငွေများ ပိုမိုချေးငှားရလျက်ရှိပြီး နောက်ဆုံးတွင် စီးပွားရေးချွတ်ခြုံကျမှုများဖြင့်သာ ရင်ဆိုင်ကြုံတွေ့ရတော့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ပါကစ္စတန်အနေဖြင့် နိုင်ငံခြားကြွေးမြီ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံခန့် ပြန်လည်ပေးဆပ်သွားရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ ပါကစ္စတန်သည် ပြည်ပကြွေးမြီ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၃ ဘီလီယံတင်ရှိနေခဲ့ပြီး ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်းခန့်မှာ တရုတ်ကြွေးမြီများပင်ဖြစ်သည်။ တရုတ်အစိုးရသည် CPEC မှတစ်ဆင့် ပါကစ္စတန်၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကူညီလျက်ရှိသောကြောင့် ပါကစ္စတန်အနေဖြင့် အနာဂတ်တွင် စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုများရှိလာမည်ဟု အခိုင်အမာဆုံးဖြတ်ထားသည်။ လက်ရှိအချိန်တွင် ဗဟိုအစိုးရသည်ဘဏ္ဍာငွေ ဖြည့်ဆည်းရေးအတွက် တရုတ်အစိုးရထံ ကြွေးမြီ အကြိမ်ကြိမ် ရယူလျက်ရှိသောကြောင့် အကြွေးနွံနစ်နေပြီဖြစ်သည်။

တရုတ်အစိုးရနှင့် စီးပွားရေးဘဏ်များသည် ယခင်က ကြွေးမြီပေးဆပ်ရမည့်ကာလ ရွှေ့ဆိုင်းပေးခြင်းအားဖြင့် ပါကစ္စတန်ကို ကူညီပေးခဲ့သော်လည်း တရုတ်နိုင်ငံအနေဖြင့် ထိုသို့ ဆက်လက်ကူညီသွားမလားဆိုသောအချက်ကို ခန့်မှန်းရန်ခက်ခဲလျက်ရှိသည်။ လက်ရှိအချိန်ထိ CPEC အောက်တွင် စီမံကိန်းများစွာကို သဘောတူညီထားရှိသော်လည်း အနည်းငယ်လောက်သာ အပြီးသတ် အကောင်အထည်ဖော်နိုင်သေးသည်။ တရုတ်နိုင်ငံအနေဖြင့် စီမံကိန်းများ အပြီးသတ်အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ စီမံကိန်းလုပ်ငန်းများကို ရပ်ဆိုင်းထားခြင်းတို့အပေါ် စိတ်ပျက်လက်ပျက်ဖြစ်နေသည့်အပြင် ပါကစ္စတန်တွင် အလုပ်လုပ်နေသော တရုတ်နိုင်ငံသားများကို လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများဖြစ်ပေါ်နေခြင်းကလည်း စီမံကိန်းအသစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ဆောင်ရန်အတွက် ချီတုံချတုံဖြစ်နေသည်။ မည်သို့ပင်ဆိုစေ ပါကစ္စတန်နိုင်ငံသည် တရုတ်ကြွေးမြီများမှ အကျိုးဖြစ်ထွန်းနေသော နိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အချို့သောအင်အားကြီးနိုင်ငံများက တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ချေးငွေများအပေါ်မှ မြင့်မားသည့်အတိုးနှုန်းများ ရယူနေကြောင်း ဝေဖန်ဖြစ်တင်ပြောဆိုလျက်ရှိကြသည်။ CPECမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သွားမည်ဟု ကတိကဝတ်ပြုထားသော်လည်း တရုတ်နိုင်ငံ၏ ချေးငွေများသည် ပါကစ္စတန်၏ စီးပွားရေးအကျပ်အတည်းကို ပိုမိုဆိုးရွားလာစေနိုင်သည်ဟု ဆိုသည်။ သို့သော် CPEC ဆိုင်ရာကြွေးမြီများသည် ပါကစ္စတန်၏ စီးပွားရေးကို တဖြည်းဖြည်း ဆုတ်ယုတ်လာစေမလား သို့တည်းမဟုတ် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများဖန်တီးပေးသွားနိုင်မလား ဆိုသောအချက်အပေါ် ကောက်ချက်ချသွားရန်သည် အချိန်စောလွန်းနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်အစိုးရ၏ဘဏ္ဍာငွေ သုံးစွဲမှုများသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပေသည်။ ကာကွယ်ရေးအသုံးစရိတ်များ အလွန်အကျွံသုံးစွဲနေမှုများကို လျှော့ချခြင်းနှင့် အတိုးနှုန်းမြင့်မားသော ကြွေးမြီများအပေါ် အလွန်အမင်းမှီခိုအားထားနေမှုတို့ကို လျှော့ချသွားခြင်း စသည့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခြင်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားနိုင်မည် ဖြစ်ပေသည်။

ပါကစ္စတန်သည် တောင်အာရှဒေသတွင် သီရိလင်္ကာနိုင်ငံပြီးလျှင် ကြွေးမြီအထူပြောဆုံး နိုင်ငံအဖြစ်ရပ်တည်လာပြီး စီးပွားရေးအကျပ်အတည်းများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် စားနပ်ရိက္ခာနှင့်စွမ်းအင်ကို ပြည်ပမှတင်သွင်းရသဖြင့် ကုန်ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပြည်ပကြွေးမြီများကြောင့် ခေါင်းခဲရလျက်ရှိပြီး နိုင်ငံခြားအရန်ငွေလည်း အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်သာ ရှိတော့သည်။ ရူပီးတန်ဖိုးမှာလည်း ၂၄ ရာခိုင်နှုန်းခန့် ကျဆင်းလာလျက်ရှိသည်။

**❖ ပါကစ္စတန်သည် တောင်အာရှဒေသတွင် သီရိလင်္ကာနိုင်ငံပြီးလျှင် ကြွေးမြီအထူပြောဆုံးနိုင်ငံအဖြစ်ရပ်တည်လာပြီး စီးပွားရေးအကျပ်အတည်းများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် စားနပ်ရိက္ခာနှင့်စွမ်းအင်ကို ပြည်ပမှတင်သွင်းရသဖြင့် ကုန်ဈေးနှုန်းများတရိပ်ရိပ်မြင့်တက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပြည်ပကြွေးမြီများကြောင့် ခေါင်းခဲရလျက်ရှိပြီး နိုင်ငံခြားအရန်ငွေလည်း အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်သာ ရှိတော့သည်။ ရူပီးတန်ဖိုးမှာလည်း ၂၄ ရာခိုင်နှုန်းခန့် ကျဆင်းလာလျက်ရှိသည်။ ❖**

ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ လမ်းတံတားများနှင့်အခြေခံအဆောက်အအုံများ ပျက်စီးခြင်းကလည်း တိုင်းပြည်အတွင်း စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ အလားတူ ယူကရိန်းအရေးကို အကြောင်းပြု၍ ပြည်ပမှစားနပ်ရိက္ခာနှင့် လောင်စာဆီ တင်သွင်းရာတွင်လည်း အဟန့်အတားများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ပြည်ပကြွေးမြီအပေါ်မှီခိုကာ စီးပွားရေးလုပ်ငန်းလည်ပတ်နေသော ပါစ္စတန်အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာရှားပါးခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာခြင်း စသည့်အထွေထွေအကျပ်အတည်းများဖြင့် ပိုမိုရင်ဆိုင်လာရဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **Pakistan's Economic Crisis : What Went Wrong? by The Diplomat.**

# သဃ်န်းကျွန်းမြို့နယ် ZEC Art Studio & Gallery ပြခန်းတွင် သစ်ထွင်းပန်းပုကားချပ်များ လေလံတင်ရောင်းချသွားမည်



**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် သစ်ထွင်းပန်းပုကားချပ်များကို မေ ၁၅ ရက်မှ မေ ၁၉ ရက်ထိ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါ ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ အလျား ၅၃ လက်မ၊ အနံ ၂၁ လက်မ၊ ထု နှစ်လက်မ အရွယ်အစားရှိ သစ်ထွင်းပန်းပုကားချပ်များကို ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ပန်းပုဆရာကြီး ဦးသန်းထွန်း၏ ပန်းပုလက်ရာများဖြစ်ပြီး သစ်ထွင်းပန်းပုကားချပ် ငါးချပ်ကို တစ်ချပ်လျှင် ကြမ်းခင်းဈေးငွေကျပ်သိန်း ၂၀ ဖြင့် မေ ၁၅ ရက် ည ၈ နာရီမှစတင်ကာ မေ ၁၉ ရက် ည ၈ နာရီထိ လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြခန်းက နေပြီးတော့ ပန်းပုကားချပ်တွေ လေလံတင်တာ လေလံဆွဲယူသူ၊ ပန်းချီကားစုဆောင်းသူတွေရှိလာတဲ့ အတွက် အခုလဲ ရန်ကုန်က ပန်းပုဆရာကြီး ဦးသန်းထွန်း ထုလုပ်ထားတဲ့ပန်းပုကားချပ်တွေကို ငွေကျပ်သိန်း ၂၀ နဲ့ လေလံတင်မှာဖြစ်ပါတယ်။ ဒီပန်းပုကားချပ်က ကျွန်တော်တို့ပြခန်းအနေနဲ့ တတိယမြောက် လေလံတင်တာ ဖြစ်ပါတယ်"ဟု ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါ ပန်းပုကားချပ်များကို ဝယ်ယူစုဆောင်းသူများအနေဖြင့် လေလံပိတ်ချိန်ဖြစ်သည့် မေ ၁၉ ရက် ည ၈ နာရီတွင် အမြင့်ဆုံးဈေးပေးနိုင်သူက လေလံအောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Reckoner ဇာတ်ကားတွင် မင်းသမီး ခရစ္စတီးနားဟန်းဒရစ် ပါဝင်မည်

**နယူးယောက် မေ ၈**

Reckoner အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ Mad Men မင်းသမီး ခရစ္စတီးနားဟန်းဒရစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Reckoner ဇာတ်ကားတွင် မင်းသမီး ခရစ္စတီးနားဟန်းဒရစ်သည် ဘဝကို အကျအနတည်ဆောက်ထားသော်လည်း အတိတ်ကာလလျှို့ဝှက်ချက်များကို သိထားသည့်လူငယ်တစ်ဦး၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရသည့်အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နစ်ဆာမိုက တာဝန်ယူရေးသား၍ ၎င်းကိုယ်တိုင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Reckoner ဇာတ်ကားသည် ဇာတ်ညွှန်းရေးဆရာ နစ်ဆာမို၏ ပထမဆုံးဒါရိုက်တာလက်ရာဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Reckoner ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ဇာတ်မင်းသားကြီး ဂရိတ်ဦးဘိုးစိန်နှင့် ယောက်ျားမင်းသမီး အောင်ဗလတို့၏ ကပြဖျော်ဖြေမှုကို မျိုးဆက်သစ်လူငယ်များက ပြန်လည်ကပြသွားမည်ဖြစ်

**ရန်ကုန် မေ ၈**

တစ်ခေတ်တစ်ခါက ဇာတ်မင်းသားကြီး ဂရိတ်ဦးဘိုးစိန်နှင့် ယောက်ျားမင်းသမီး အောင်ဗလတို့၏ ကပြဖျော်ဖြေမှုကို မျိုးဆက်သစ်လူငယ်များက ပြန်လည်ကပြဖျော်ဖြေမှုကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ပါဝင်ကပြဖျော်ဖြေထားသည့် ဇာတ်မင်းသား ဩရအောင်က ပြောပြ၍ သိရသည်။

ဇာတ်မင်းသားကြီး ဂရိတ်ဦးဘိုးစိန်နှင့် ယောက်ျားမင်းသမီး အောင်ဗလတို့၏ နှစ်ပါးသွားဖျော်ဖြေမှုအလွမ်းပြေအစီအစဉ်ကို မေ ၁၁ ရက်တွင် M Entertainment Channel က အထူးအစီအစဉ်အဖြစ် မာလာမြိုင်သဘင်ပွဲတော် ရုပ်မြင်သံကြားအစီအစဉ်တွင် ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"မာလာမြိုင် သဘင်ပွဲတော်ရဲ့အထူးအစီအစဉ်မှာ တစ်ချိန်က ထင်ရှားကျော်ကြားလူကြိုက်များခဲ့တဲ့ ဇာတ်မင်းသားကြီး ဂရိတ်ဦးဘိုးစိန်နဲ့ ယောက်ျားမင်းသမီး အောင်ဗလတို့ရဲ့ နှစ်ပါးသွားအလွမ်းပြေအဖြစ် ဘွန်းနဲ့ ကျွန်တော်ဩရအောင်တို့က တင်ဆက်ကပြပေးကြမှာပါ။ ဒါ့ပြင် မာလာမြိုင်သဘင်ပွဲမှာ စိန်မဟာသဘင် မင်းသားချော ဇံဟိန်းရဲ့ နှစ်ပါးခွင်ကိုလဲ ကြည့်ရှုကြရမှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ဩရအောင်က ပြောပြသည်။




M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော် ရုပ်မြင်သံကြားအစီအစဉ်ကို The Tree Entertainment က ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး ဧပြီ ၂၄ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

မာလာမြိုင်သဘင်ပွဲတော် ရုပ်မြင်သံကြားအစီအစဉ်ကို ဝါရင့်သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း သိရသည်။ ASH

# It Ends With Us ဇာတ်ကား၌ မင်းသမီး ဂျင်းနီစလိတ် သရုပ်ဆောင်မည်

**နယူးယောက် မေ ၈**

It Ends With Us ဒရာမာဇာတ်ကား၌ မင်းသမီး ဂျင်းနီစလိတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဂျင်းနီစလိတ်သည် မင်းသား ဂျပ်စတင်းဘယ်ဒိုနီ၊ မင်းသမီး ဘလိတ်လစ်ဗလီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

It Ends With Us ဇာတ်ကားသည် အမေရိကန်အမျိုးသမီးစာရေးဆရာမ ကောလင်းဟိုးဗား၏ နာမည်ကျော်ဝတ္ထုဖြစ်သော It Ends With Us ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတီဟောက ရေးသားပေးထားပြီး ဂျပ်စတင်းဘယ်ဒိုနီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသမီး ဂျင်းနီစလိတ်သည် Marcel the Shell With Shoes On ဇာတ်ကားဖြင့် နာမည်ရလာသူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် It Ends With Us ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အမေရိကန်ဇာတ်ညွှန်းရေးဆရာများ၏ သပိတ်ကြောင့် Blade ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုအကြိုလုပ်ငန်း ရပ်ဆိုင်းထားရ

**နယူးယောက် မေ ၈**

အမေရိကန် ဇာတ်ညွှန်းရေးဆရာများ၏သပိတ်ကြောင့် မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုအကြိုလုပ်ငန်းများကို ရပ်ဆိုင်းထားရကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်စာရေးဆရာများအသင်း၏ ဇာတ်ညွှန်းရေးဆရာများသည် အလုပ်ခွင်အခြေအနေမျှတမှုရှိရေး၊ လုပ်ခလစာတိုးပေးရေးတို့အတွက် အလုပ်များရပ်ဆိုင်း၍ သပိတ်မှောက်လျက်ရှိသည်။

Blade ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးဆရာ နစ်ပီဇိုလက်တိုသည်လည်း သပိတ်မှောက်ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်ရာ Blade ဇာတ်ကား၏ ဇာတ်ညွှန်းမှာ ပြီးပြတ်မှုမရှိသေးကြောင်း သိရသည်။

Blade ဇာတ်ကားသည် မာဗယ်စတူဒီယိုက ဒါရိုက်တာတစ်ဦး ရှာဖွေနေဆဲကာလကလည်း ရိုက်ကူးထုတ်လုပ်မှုအကြိုလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရဖူးသည်။

Blade ဇာတ်ကားကို ဒါရိုက်တာ ယန်းဒီမင်ဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး မီယာဂို၊ မင်းသား မာဟာရှာလာအလီတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects upgrading of Kandaw Mingala Shankan Lake in Pyinmana




SAC Chairman Prime Minister Senior General Min Aung Hlaing inspects Kandaw Mingala Shankan Lake upgrading project.

**Nay Pyi Taw May 8**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspected upgrading of Kandaw Mingala Shankan Lake in Pyinmana Township, Nay Pyi Taw Council Area this evening.

The Senior General and party were welcomed by Nay Pyi Taw Council Chairman U Tin Oo Lwin, Nay Pyi Taw Command Commander Brig-Gen Wai Lin and members.

The Nay Pyi Taw Council chair reported on brief history of the lake, dredging of the eastern sector of the lake under the upgrading project due to heavy silting, application of expert consultations and modern machinery in implementing the project phase by phase, silt recycling programs, renovation of Mingalakan Lake Pagoda and chamber.

In response, the Senior General said the lake is the pride of Pyinmana and it should be an auspicious water body in line with its name. Upgrading project should be carried out stage by stage in a proper way. The beautifying and social improvement of Nay Pyi Taw is in progress. So also, Pyinmana should be beautified and modernized, a tasks which calls for public participation. Lake refilling program must be started soon after the completion of the upgrading project. Research is underway to tap water resources in Nay Pyi Taw Council Area. Rain water must be systematically stored and used. Officials should have an irrigation program in hand, apart from filling the lake to the brim. All should play a part in the task of beautifying and developing the environment from towns and localities to the entire country.

The Senior General and party observed the lake upgrading project and looked into the requirements in building shoulders of the lake ring road and gave guidance on creating areas for public recreation, physical activity and walkways, redesigning and raising of Shin Upagutta Chamber to reach the level higher than that ofthe shoulders, extension of a lake pathway, repair of drainages along the banks of the lake, building a brick retaining wall in the coming open season, ensuring cleanness and pleasantness of the lake, planting large flowering trees and flowers along the ring road, and natural lighting programs and facilitated the work coordination programs.

100



Senior General Min Aung Hlaing observes the use of heavy machinery.



# India Kerala: At least 22 dead as boat capsizes

**Delhi May 8**

At least 22 people have died after a packed tourist boat capsized in India's southern Kerala state.

The death toll could rise as rescue efforts are under way on Monday and the vessel is pulled from muddy waters.

Overcrowding caused the double-decker boat to capsize, Abdul Nazar, junior superintendent of police of Malappuram district, told Reuters.

The boat was reportedly carrying about 50 people, or double its capacity, when it overturned on Sunday night.

The police on Monday registered a case of culpable homicide against the owner of the boat, who is reportedly absconding. BBC

# Trade camps along Myanmar-China border handle more than US$200 million worth of trade volume in April 2023


Muse border trade zone.

**Nay Pyi Taw May 8**

Border trade camps along Myanmar-China border have handled more than US$200 million worth of trade value in April 2023 of the 2023-24 financial year, said Daw Cho Thet Mu, deputy director of Trade Policy Branch of the Trade Department under the Ministry of Commerce.

In April alone, all border trade camps along Myanmar-China border are operating their functions accounting for 90 per cent, Muse Trade Zone of which has managed the largest volume of trade worth $144.63 million.

"Muse Trade Zone has pocketed $144.63 million worth of trade value, Chinshwehaw $29.63 million, Kanpaiti $21.58 million, Kengtung $0.30 million ad Lweje $7.63 million. Those border trade camps manage payment for export and import goods with US dollar, Yuan and Baht for convenience of merchants," Daw Cho Thet Mu continued.

Myanmar exports rice and broken rice, agricultural produce, marine products and other foodstuffs and imports construction materials, electronic equipment, machinery, instant foodstuffs and medicines from China. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 300,000 viss of fish and prawn come to Shwe Padauk Fish Market in Hline Township every day

**Yangon May 8**

More than 300,000 viss of fish and prawn go to Shwe Padauk Fish Market in Hline Township of Yangon Region every day, and the market distributes 70% of those fish and prawn to all parts of Myanmar, said market manager U Wai Lin.

Seawater fish and prawn come to Shwe Padauk Market from Rakhine State, Ayeyawady Region, Mon State and Tanintharyi Region. Moreover those from Yangon, Bago and Ayeyawady regions come to the market daily.

"When it comes to the distribution sector, we transport those products to Mandalay Region, Shan State and Kachin State in upper Myanmar. Some of them also go to Rakhine State, Tanintharyi Region and Ayeyawady Region. Our market products are also meant for exports. Mainly, those products are exported to Bangladesh via Rakhine State. Bangladesh mainly buys carp and Hamilton's carp. Generally speaking, our market distributes 70% of fish and prawn for the whole country," U Wai Lin said.

Shwe Padauk Fish Market has nine buildings with over 400 shops. Before the global pandemic of Covid-19, over 400,000 viss of freshwater and seawater fish and prawn came to the market daily. ASH


Shwe Padauk Fish Market busy with fish and prawn buying and selling.

# YSX sells over 22,000 shares worth over K60 m between April 6 and 19

**Yangon May 8**

More than 22,000 shares worth more than 60 million kyats were sold on the YSX market between April 6 and 19 in Myanmar's traditional Maha Thingyan period, according to reports the Yangon Stock Exchange (YSX) released on April 29.

Currently, the seven public companies listed on the YSX are First Myanmar Investment (FMI) Company, Myanmar Thilawa SEZ Holdings Public (MTSH) Company, Myanmar Citizens Bank (MCB), First Private Bank (FPB), TMH Telecom Public (TMH), Ever Flow River Group Public (EFR) and Amata Holding Public Co., Ltd. (AMATA).

The period between April 6 and 12 is the traditional Myanmar pre-Thingyan period, and the period between April 18 and 19 are the days after Thingyan. These periods are public holidays and office holidays, and some private shops are closed.

Therefore, this period is the period when there is less work. In addition, the market is temporarily suspended during the traditional Myanmar Thingyan festival.

However, the seven listed companies sold 22,958 shares worth 61.658 million kyats during the two-week period. 336



Yangon Stock Exchange.

# More than 1,000 trees grown aroud Pyin, Naga, Kyaukmaunghnama creeks in An Township of Rakhine State

**An May 8**

Locals cultivated more than 1,000 trees around Pyin, Naga and Kyaukmaughnama creeks in An Township of Rakhine State on 1 May, said U Myo Lwin, member of An Township Environmental Conservation Group.

Locals grew these trees on some 200 acres of area near three creeks on 1 May.

"Growing the trees aim to protect forests in hilly areas and forge the spirit of locals, especially children to conserve the environment. Primarily, only when locals conserve the trees without cutting, will these trees thrive well. So, we are striving for doing activities of growing trees," said U Myo Lwin.

More than 1,000 trees comprise 10 main trees, seasonal crops, rare plants and mangrove plants.

An Township Environmental Conservation Association has grown more than 100,000 mangrove plants from January to April this year.

Rakhine State is endowed with 395,726 acres of mangrove plantations—5,320 acres in Maugtaw district, 7,460 acres in Sittway district, 148,268 acre in MraukU district, 83,660 acres in Kyaukpyu district and 83,876 acres in Thandwe district, according to the Rakhine State Forest Department.

Wunphaik mangrove forest located in Yanbye and Kyaukpyu townships of Rakhine State is situated on more than 150,000 acres of land where some persons illegally extract timber and cut logs to be produced as firewood and charcoal. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်(တိုင်ပေ)က ပြည်တွင်းထုတ် Sky Sword II ဒုံးပစ်လောင်ချာယာဉ် ၁၉ စီး လက်ခံရရှိမည်



တရုတ်(တိုင်ပေ)သည် လာမည့်သီတင်းပတ်မှစတင်ကာ ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားသော Sky Sword II ဒုံးကျည်အတွက် ဒုံးပစ်လောင်ချာယာဉ် ၁၉ စီးကို လက်ခံရရှိမည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန (MND)က မေ ၆ ရက်က The Defense Post တွင် ကြေညာခဲ့သည်။

ဒုံးကျည်များ၊ လောင်ချာယာဉ်များနှင့် စစ်ဘက်ဆိုင်ရာအဆောက်အအုံများတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၇၁ ဒသမ ၆ သန်း သုံးစွဲဆောင်ရွက်မည့် နိုင်ငံ၏ ပင်လယ်ရေကြောင်းနှင့် လေကြောင်းတိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်မှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)National Chung-Shan Institute for Science and Technology သည် ယခုအချိန်ထိ Sky Sword II ဒုံးပစ်လောင်ချာယာဉ် ၁၉ စီး ထုတ်လုပ်ထားပြီး ဖြစ်နိုင်ခြေရှိသောတရုတ်နိုင်ငံ၏ကျူးကျော်မှုများအတွက် နိုင်ငံကို ပြင်ဆင်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ထုတ်လုပ်မှုနှင့် ဝယ်ယူရေးပိုင်းဆိုင်ရာ တိုးတက်မှုနှုန်းသည် လက်ရှိတွင် ၉၅ ရာခိုင်နှုန်းထိရှိကြောင်း MND ၏ အဆိုအရ သိရသည်။

အဆိုပါကိန်းဂဏန်းသည် ဒုံးကျည်ဝယ်ယူမှု ၁၀၀ ရာခိုင်နှုန်းအတွက် မှတ်တမ်းတင်ထားသော တိုးတက်မှုနှုန်းနှင့် အတူတူပင်ဖြစ်သည်။

ယခုနှစ်အတွင်း ပြည်တွင်း၌ Sky Sword II ဒုံးကျည်နှင့် အခြားသောဒုံးကျည်အမျိုးအစား ၁၀၀၀ ခန့်ထုတ်လုပ်နိုင်မည်ဟု တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက မျှော်လင့်ထားကြောင်း သိရသည်။

တရုတ်(တိုင်ပေ)၏ Sky Sword II ဒုံးကျည်သည် တိုက်လေယာဉ်များအတွက် တာလတ်ပစ် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ၎င်းတွင် ဝေဟင်မှ ပစ်မှတ်များစွာကို ထိထိရောက်ရောက်တိုက်ပွဲဝင်နိုင်ရန် Active ရေဒါနှင့် Inertial Navigation လမ်းကြောင်းပြစနစ်တို့ပါရှိသည်။ ဒုံးကျည်တွင် ရန်သူ၏ပိုင်ဆိုင်မှုကို တိုက်ခိုက်ဖျက်ဆီးရာတွင် နောက်ထပ်လမ်းညွှန်ထိန်းကျောင်းမှု တစ်စုံတစ်ရာမလိုအပ်ဘဲ Fire-and-Forget လက်နက်အမျိုးအစားဖြစ်သည်။

အဆိုပါဒုံးကျည်သည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တရုတ်(တိုင်ပေ)လေတပ်တွင် စတင်ဖြန့်ကြက်အသုံးပြုခဲ့ပြီး ၎င်း၏ Ching-Kuo တိုက်လေယာဉ်များအတွက် တိုက်စွမ်းအားတစ်ခုဖြစ်ခဲ့သည်။ Sky Sword II ဒုံးကျည်၏ မွမ်းမံထားသောဗားရှင်းတွင် ဒုံးကျည်မော်တာအသစ်နှင့် အီလက်ထရွန်နစ် အစိတ်အပိုင်းများကို အဆင့်မြှင့်တင်ထားပြီး ထိရောက်အကွာအဝေး ကီလိုမီတာ ၈၀(၄၉ ဒသမ ၇ မိုင်)ထိ တိုက်ပွဲဝင်နိုင်စွမ်း ပိုင်ဆိုင်လာခဲ့ကြောင်း သိရသည်။

ဒုံးကျည်များနှင့် ဒုံးပစ်လောင်ချာများအပြင် တရုတ်(တိုင်ပေ)စစ်ဘက်သည် ဖြစ်နိုင်ခြေရှိသော တရုတ်နိုင်ငံက တိုက်ခိုက်မှုကို ခုခံကာကွယ်ရန်အတွက် အခြားလက်နက်ကြီးများနှင့် ကိရိယာများကို စုဆောင်းလျက်ရှိသည်။ တရုတ်(တိုင်ပေ)သည် ၎င်း၏ ပိုင်နက်အစိတ်အပိုင်းဖြစ်သည်ဟု တရုတ်က ဆက်လက်တောင်းဆိုနေသောကြောင့် နှစ်နိုင်ငံကြား တင်းမာမှုများ သိသိသာသာမြင့်တက်လာခဲ့သည်။ ပြီးခဲ့သောလထဲတွင် CNA က ကျွန်းနိုင်ငံသည် ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်တွင် အမေရိကန်ထံမှ Javelin တင့်ဖျက်ဒုံးကျည်အစင်း ၂၀၀ ကို ပထမအသုတ်အနေဖြင့် လက်ခံရရှိမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နောက်ထပ် Javelin တင့်ဖျက်ဒုံးကျည်အစင်း ၂၀၀ ကို ၂၀၂၄ ခုနှစ်အတွင်း ပေးပို့နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)စစ်ဘက်ကို MQ-9B SkyGuardian ဒရုန်းလေးစင်းကိုလည်း အမေရိကန်လေတပ်က မှာယူပေးထားကြောင်း သိရသည်။

**Taiwan to Receive 19 Indigenous Sky Sword II Missile Launchers ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံ Israle Aerospace Industries ကုမ္ပဏီက ပထမဆုံးမောင်းသူမဲ့ရေငုပ်သင်္ဘော Blue Whale ကို ထုတ်ဖော်ပြသ



အစ္စရေးနိုင်ငံ Israel Aerospace Industries ကုမ္ပဏီသည် ၎င်း၏ပင်လယ်ရေကြောင်းစွမ်းအားများကို တိုးမြှင့်လုပ်ဆောင်နေပြီး Blue Whale အလိုအလျောက်လုပ်ဆောင်နိုင်သော အကြီးစားမောင်းသူမဲ့ရေငုပ်သင်္ဘောကို ပထမဆုံးအကြိမ်အဖြစ် တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း မေ ၅ ရက်တွင် IAI က ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောသည် ပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်းဒေသများရှိ ပစ်မှတ်များအတွက် ထောက်လှမ်းရေးသတင်းအချက်အလက်များစုဆောင်းခြင်း၊ အသံပိုင်းဆိုင်ရာထောက်လှမ်းရေးနှင့် ရေတပ်သုံးမိုင်းများ ရှာဖွေထောက်လှမ်းခြင်းအပါအဝင် နာရီထောင်ပေါင်းများစွာကို အလိုအလျောက် လုပ်ဆောင်နိုင်မှုများဖြင့် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီဖြစ်သည်။

Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောသည် လူလိုက်ပါမောင်းနှင်သောရေငုပ်သင်္ဘော၏ လုပ်ငန်းဆောင်တာများစွာကို ကုန်ကျစရိတ်အနည်းဆုံးနှင့် ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ သင်္ဘောပေါ်တွင် အော်ပရေတာများမပါဘဲ ရက်သတ္တပတ်ပေါင်းများစွာလုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

လူလိုက်ပါသော မောင်းနှင်တာဝန်ထမ်းဆောင်နိုင်သည့် ရေငုပ်သင်္ဘောများကဲ့သို့ပင် BlueWhale သည် ပင်လယ်မျက်နှာပြင်အထက်တွင် လျှို့ဝှက်ထောက်လှမ်းရေးစုဆောင်းခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ရေငုပ်သင်္ဘောများ၊ ရေအောက်ပစ်မှတ်များကို ရှာဖွေခြင်းနှင့် အသံပိုင်းဆိုင်ရာထောက်လှမ်းရေး သတင်းအချက်အလက်များ စုဆောင်းခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောသည် ပင်လယ်နှင့် ကမ်းရိုးတန်းပစ်မှတ်များကို ထောက်လှမ်းနိုင်ရန်အတွက် ရေဒါနှင့် Electro-Optical စနစ်များတပ်ဆင်ထားသည့် လူလိုက်ပါသောရေငုပ်သင်္ဘောပေါ်ရှိ ပါရီစကုပ်ကဲ့သို့ အမြင့်မီတာများစွာမြင့်မားသော တယ်လီစကုပ်တိုင်များတပ်ဆင်ထားသည်။ ကမ္ဘာတစ်ဝန်းရှိ ကွပ်ကဲမှုဌာနချုပ်များသို့ အမိန့်ပေးနိုင်ရန် ရွက်တိုင်ပေါ်ရှိ ဂြိုဟ်တုဆက်သွယ်ရေးအင်တာနာကိုအသုံးပြု၍ ဒေတာများကို အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်သည်။

Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောသည် မီတာအားဖြင့် ဆယ်ဂဏန်းရှည်သောရေယာဉ်နောက်တွင် တွဲဆက်အသုံးပြုနိုင်မည့် ဆိုနာစနစ်ကိုအသုံးပြု၍ ရေငုပ်သင်္ဘောများကိုရှာဖွေရန်နှင့် အသံပိုင်းဆိုင်ရာ ထောက်လှမ်းရေးအချက်အလက်များကို စုဆောင်းရန်အတွက် ရေယာဉ်၏နှစ်ဖက်စလုံးတွင် ချိတ်ဆက်ထားသော Receiver Array များပါရှိသော Flank Array Sonar ကိရိယာများကို အသုံးပြုထားသည်။

Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောတွင် ပင်လယ်ကြမ်းပြင်ရှိ ရေတပ်သုံးမိုင်းများကိုရှာဖွေနိုင်ရန် အထူးသီးသန့်ပြုလုပ်ထားသော Synthetic Aperture Sonar ကို တပ်ဆင်အသုံးပြုထားသည်။

ထို့ပြင် Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောတွင် ရေအောက် သို့မဟုတ် ရေမျက်နှာပြင်အနီးတွင် ဘေးကင်းလုံခြုံစွာဖြတ်သန်းသွားလာနိုင်ရန် အာရုံခံကိရိယာစနစ် အစုံအလင်တပ်ဆင်ပါရှိသည်။ မကြာသေးမီနှစ်များအတွင်း Blue Whale မောင်းသူမဲ့ရေငုပ်သင်္ဘောစနစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာမူပိုင်ခွင့်အများအပြားကို မှတ်ပုံတင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Israel Aerospace Industries unveils 1st unmanned submarine Blue Whale ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တရုတ်နိုင်ငံ၏ဝယ်လိုအား သိသိသာသာမြင့်တက်နေသဖြင့် ပြည်တွင်းနှမ်းဈေးနှုန်း ဆက်လက်မြင့်တက်နေ



**ရန်ကုန် မေ ၈**

တရုတ်နိုင်ငံ၏ ဝယ်လိုအား သိသိသာသာ မြင့်တက်နေသဖြင့် ပြည်တွင်း နှမ်းဈေးနှုန်းများ ဆက်လက် မြင့်တက်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဈေးကွက် နှမ်းပွဲရုံ လုပ်ငန်းပိုင်ရှင်များထံမှ သိရသည်။

နှမ်းကို ပြည်ပဖောက်သည် ဈေးကွက် နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ လက်ရှိတွင် တရုတ်နိုင်ငံ၏ ဝယ်ယူလိုအား သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ ယခုအခါ နွေနှမ်းများ ပေါ်နေပြီဖြစ်သော်လည်း ဈေးကွက်သို့ ဝင်ရောက်မှုနည်းပါးနေသဖြင့် ပြည်တွင်းကုန်စည်ဒိုင်ဈေးကွက်များတွင် ယခင်ကတစ်နေ့လျှင် နှမ်းတင်ပို့သည့် ကုန်တင်ယာဉ် ၁၀ စီး ကျော်ထိ ဝင်ရောက်မှုရှိနေသော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းမှစ၍ တစ်နေ့လျှင် နှမ်းတင်ပို့သည့် ကုန်တင်ယာဉ် ငါးစီးခန့်သာ ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ပြည်တွင်း ကုန်စည်ဒိုင်ဈေးကွက်များတွင်လည်း နှမ်းလက်ကျန်နည်းနေသည့်အပြင် အရည်အသွေးကောင်းမွန်သည့် နှမ်းမှာလည်း ရှားပါးကြောင်း၊ ထိုကဲ့သို့အချိန်အခါတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားမှာလည်း သိသိသာသာမြင့်တက်လာနေသဖြင့် ဈေးကွက်လိုအပ်ချက်မြင့်မားလာကာ ဈေးကွက်သွက်လက်လှုပ်ရှားလာပြီး ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ယခုမေလဆန်းမှစ၍ ပြည်တွင်းကုန်စည်ဒိုင် ဈေးကွက်များတွင် နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ မှ ၂၉၀၀၀၀ နှင့် ပန်းနှမ်းသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၁၈၇၀၀၀ ထိ ပေါက်ဈေးများဖြစ်လာခဲ့ကြောင်း သိရသည်။

တရုတ်ဝယ်လက်များအနေဖြင့် ဆက်လက်တိုးမြှင့် ဝယ်ယူမည့် အခြေအနေတွင်ရှိနေသဖြင့် ပြည်တွင်းနှမ်းဈေးကွက်မှာ ဈေးနှုန်းများ ဆက်လက် မြင့်တက်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဈေးကွက် နှမ်းပွဲရုံ လုပ်ငန်းပိုင်ရှင်များထံမှ သိရသည်။

(၃၃၆)

# အိမ်မဲမြို့နယ်တွင် ယခုနှစ်နွေစပါး ၇၅၀၇၈ ဧက ရိတ်သိမ်းပြီးစီး

**မြောင်းမြ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ၇၅၀၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၇၅၀၇၈ ဧကစိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် နွေစပါး ၇၅၀၇၈ ဧကကို ဧပြီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နွေစပါး ၇၅၀၇၈ ဧကအားလုံးရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းခဲ့သည့်နွေစပါးများသည် တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ကျော်ထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နွေစပါး ၇၅၀၇၈ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနစတဲ့ ဌာနတွေက ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်။ အဲဒီနွေစပါးဧကအားလုံး လက်ရှိပြန်လည်ရိတ်သိမ်းပြီးဖြစ်တယ်။ နွေစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် ဆောင်ရွက်ပေးခဲ့တယ်။ ဒါကြောင့် ရိတ်သိမ်းတဲ့အခါမှာလဲ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစပါးတွေ ထွက်ရှိခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။



အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီက နွေစပါးများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ၊ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များ ရှာဖွေခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းတုန်း မေ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးညိုဝင်းအောင်က ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း အတိုး၊ အရင်းငွေများကို ပေးသွင်းကြရန်နှင့် အတိုးရရှိငွေများဖြင့် ဆောင်ရွက်ခွင့်ရှိသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ချပြဆွေးနွေးခဲ့သည်။

မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ အား ငွေကျပ် ၂၆ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးအား ငွေကျပ် ၅ ဒသမ ၂ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးအား ငွေကျပ် ၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအား ငွေကျပ် ၁၁ ဒသမ ၄၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအား ငွေကျပ်သုည ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးအား စုစုပေါင်းငွေကျပ် ၄၉ ဒသမ ၄၅ သန်းကို ထုတ်ချေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနိုင်**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၅-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၁၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၃၅)ရှိ လောကနတ်ခန်းမတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ် အပါအဝင် အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့တွေ့ဆုံပွဲအခမ်းအနားသည် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌ အပါအဝင် ဗဟိုကော်မတီတာဝန်ရှိသူများအနေဖြင့် သဘင်အစည်းအရုံးမှ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်၍ရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပေးရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အနေဖြင့် သဘင်အနုပညာရှင်များ၏အကျိုးကို ရှေးရှု၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ အမှတ်စဉ်(၅)နှင့် အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်

**နေပြည်တော် မေ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အမျိုးသမီး အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅)နှင့် အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(လားရှိုး)၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ မြိုင်ကြီးငူ အထူးဒေသ၌လည်းကောင်း အသီးသီး ဖွင့်လှစ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများ၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

စားသောက်ဖွယ်ရာများ ပေးအပ်ကာ ခင်းကျင်းပြသထားသည့် လက်မှုပညာ နမူနာပုံစံများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



**၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။**

**နေပြည်တော် မေ ၈**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၁၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၆၈၀ တို့သည် ယနေ့တွင် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်း ဆောင်တာများကို လက်တွေ့ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ် Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာနည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များကို ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များကို အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၅ ခုနှစ် နယုန်လဆန်း ၅ ရက် မေ ၂၃ ရက် အင်္ဂါနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၂ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော မူလအာဘိဓမ္မိက လေးပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယကောဝိဒ ရှစ်ပါး၊ ဝိနယဓရ ၃၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၈၅ ပါး၊ စာအောင်သံဃာ ၁၅၂ ပါး စုစုပေါင်းသံဃာတော် ၁၈၄ ပါးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း ၀၉-၈၈၀၅၆၀၇၉၀၊ ၀၁-၆၆၄၅၇၈ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်မှုများနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ရမှတ် ၄၄၉ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ် ကစားသမားက ရမှတ် ၄၄၇ မှတ်ဖြင့် ငွေတံဆိပ်၊ ထိုင်းကစားသမားက ရမှတ် ၄၃၇ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ငွေတံဆိပ်ဆုများကို အမျိုးသားတုတ်ရှည် အပြပြိုင်ပွဲတွင် တင်ထူးဇော်၊ အမျိုးသမီး ဓားမောက်အပြပြိုင်ပွဲတွင် အိမ်ခြွေဖူး၊ ကြေးတံဆိပ်ဆုများကို အမျိုးသားနှစ်ယောက်တွဲအပြပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်အတွဲနှင့် အမျိုးသမီး Self-Defence ပြိုင်ပွဲတွင် ချစ်နိုဒီဆောင်းတို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

အလားတူ Kun Bokator ပြိုင်ပွဲနောက်ဆုံးနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာ Kun Bokator အားကစားအဖွဲ့အတွက် ပထမဆုံးရွှေတံဆိပ်ဆုကို အမျိုးသား နှစ်ယောက်+အမျိုးသမီးတစ်ယောက် အတွဲပြိုင်ပွဲတွင် ပိုင်ဇေယျာဖြိုး၊ အံ့ဘွယ်ငြိမ်းနှင့် နီလာစိုးဦးတို့အတွဲက ရမှတ် ၈ ဒသမ ၆၆၅၈ မှတ်ဖြင့် ရယူနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအတွဲက ၈ ဒသမ ၄၉၉၂ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအတွဲက ၈ ဒသမ ၁၆၅၉ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာ Kun Bokator အားကစားအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး လက်သိုင်းအပြပြိုင်ပွဲတွင် သီဂီဝင်းကျော်၊ ကြေးတံဆိပ်ဆုများကို အမျိုးသား ဓားကောက်စွမ်းရည်အပြပြိုင်ပွဲတွင် အံ့ဘွယ်ငြိမ်း၊ အမျိုးသမီးသုံးယောက်တွဲစွမ်းရည် အပြပြိုင်ပွဲတွင် ဝတ်ရည်ဦး၊ မြတ်နိုးဝေနှင့် သီဂီဝင်းကျော်အတွဲ၊ အမျိုးသားနှစ်ယောက်တွဲ စွမ်းရည်အပြပြိုင်ပွဲ၌ အောင်ပြည့်စုံနှင့် ခန့်လွန်းဇော်အတွဲတို့က ရယူနိုင်ခဲ့သည်။

ထို့အတူ ခြင်းလုံးပြိုင်ပွဲကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာခြင်းလုံးအသင်းသည် ယနေ့ကျင်းပသည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာခြင်းလုံးအသင်းအတွက် ရွှေတံဆိပ်ဆုကို Linking Event-3 အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ရမှတ် ၄၅၉ မှတ်ရရှိခဲ့သည်။ လာအိုအသင်းက ရမှတ် ၃၅၆ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ရမှတ် ၂၄၃ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ Linking Event-3 အမျိုးသားပြိုင်ပွဲတွင် လာအိုအသင်းက ရမှတ် ၄၁၉ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ရမှတ် ၄၀၇ မှတ်ဖြင့် ငွေတံဆိပ်၊ မလေးရှားအသင်းက ရမှတ် ၃၁၄ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ Linking Event-3 အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၃၁၇ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ရမှတ် ၃၀၉ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအသင်းက ရမှတ် ၂၅၄ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့ကြောင်းနှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ယနေ့ထိ မြန်မာနိုင်ငံက ရွှေ ရှစ်ခု၊ ငွေ ခုနစ်ခုနှင့် ကြေး ၂၃ ခု ဆွတ်ခူးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မေ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ

**နေပြည်တော် မေ ၈**

မေ ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၁၄၀၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၆၀၇၇ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၃၀၇ ဦး |


ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ


# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၉ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်)

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါဈေးလမ်း အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို ၂၀၂၃ ခုနှစ် မေ ၈ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၁၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တရားမအထူးအယူခံမှု ရှစ်မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၂၂(ရခိုင်)၊ ၁၈/၂၀၂၂(ရခိုင်)၊ ၅၄/၂၀၂၂(မကွေး)၊ ၅၅/၂၀၂၂(မကွေး)၊ ၁၆/၂၀၂၁(ပဲခူး)၊ ၂၇/၂၀၂၂(ပဲခူး)၊ ၄၄/၂၀၂၂(ကချင်)နှင့် ၅၆/၂၀၂၂(ဧရာဝတီ) စုစုပေါင်းတရားမ အထူးအယူခံမှု ရှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၀(ရန်ကုန်)၊ ၃၃/၂၀၂၂(မန္တလေး)နှင့် ၃၆/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာနိုင်ပြီး မေ ၉ ရက်တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ လည်းကောင်း၊ မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)သည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ရွေ့လျားနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၈-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၆၀၀ | ၃၆၅၀ | ၁၉၀၀ | ၁၃၇၀၀ | ၁၄၅၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၁၈၀၀ | ၈၈၀၀ | ၁၅၀၀၀-၁၇၂၀၀ | ၉၉၀၀ | ၁၅၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၄၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၂၀၀၀-၂၅၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀-၁၈၀၀ | ၅၆၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | မြစ်ကြီးနား | ၄၂၀၀ | - | - | ၁၃၀၀၀-၁၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၀၀၀-၂၃၀၀ | ၆၀၀၀-၆၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၀၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၄၃၀၀ | ၂၅၀၀ | ၂၃၀၀ | ၁၃၅၀၀-၁၆၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၆၀၀-၁၇၀၀ | ၅၀၀၀-၅၅၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၂၅၀-၃၀၀ | ၃၅၀-၄၀၀ |
| ၆ | တောင်ငူ | ၄၄၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၀၀၀၀-၂၃၅၀၀ | ၁၈၀၀-၂၀၀၀ | ၄၀၀၀-၄၅၀၀ | ၂၂၀၀ | ၉၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၇၀၀၀-၈၀၀၀ | ၁၂၀၀၀-၁၄၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | ကျိုင်းတုံ | ၅၃၀၀ | ၄၃၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀-၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၈၀၀၀-၂၀၀၀၀ | - | ၁၅၀၀၀-၁၈၀၀၀ | ၂၈၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၃၀ ကျပ် | ၁၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၈၀ ကျပ် | ၁၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၀၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၇၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့ကို ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ၊ဆေးခန်း၊ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(ဧပြီလ၊ ၂၀၂၃)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၁၀-၅-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူများ၏ အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေသော PDF တို့၏ အကြမ်းဖက်လုပ်ရပ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် မေ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရာ ယင်းသို့ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




**ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။**

# ကမမောင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မေ ၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်း အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။



**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဆေးကုသမှုခံယူနေသည့် ကလေးငယ်တစ်ဦးကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

# ပင်လောင်းမြို့နယ်နှင့် သာစည်မြို့နယ်တို့ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဝါးလီကျေးရွာအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ဦးရေ ၃၆၀ တို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူစုစုပေါင်း ၃၅၉ ဦးတို့ကို ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဆီးချို၊သွေးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဖွင့်ပွဲများ ပြုလုပ်

**နေပြည်တော် မေ ၈**

တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးချတတ်ပြီး ကျန်းမာကြံ့ခိုင်မှုရှိစေရန်ရည်ရွယ်၍ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။




**ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်း သင်တန်းဖွင့်ပွဲများပြုလုပ်စဉ်။**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက မြန်မာ့သိုင်းသင်တန်းအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများ၏ သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ဦးရေ ၆၀ ဖြင့်လည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား၊သင်တန်းသူ ၄၅ ဦး ဖြင့်လည်းကောင်း မေ ၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦး သေဆုံး၊ နောက်ဦး ထိခိုက်ဒဏ်ရာရရှိ

မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် မေ ၈**

CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးကို မေ ၇ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦး သေဆုံးပြီး နောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုင်းထိမှန်ဒဏ်ရာရရှိခဲ့သော ခရီးသွားပြည်သူများကို မြိတ်မြို့တပ်မတော်ဆေးရုံတွင် သွားရောက်ကြည့်ရှုအားပေးစဉ်။**

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် Nissan Navara အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်သည် မေ ၇ ရက် ညနေ ၄ နာရီခန့်တွင် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာနှင့် လသာကျေးရွာကြား မိုင်တိုင်အမှတ် ၃၃/၃ နေရာသို့ ရောက်ရှိစဉ် CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီး နောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါဒဏ်ရာရပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို ဆင်ခြင်တုံတရားမဲ့စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


အထက်ပါဖြစ်စဉ်မှ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။**

# ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များလိုက်ပါလာသည့် ယာဉ်တန်းကို အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်

ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များလိုက်ပါလာသည့်ယာဉ်တန်းကို အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရန် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ သွားရောက်သည့် မော်တော်ယာဉ်တန်းကို အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အာဆီယံတူညီဆန္ဒ (၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးအတွက် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ ထွက်ခွာလာခဲ့ရာ ဆီဆိုင်မြို့နယ် နန့်အောရွာ၏ မြောက်ဘက်မီတာ ၂၀၀ ခန့်အကွာသို့အရောက်၌ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာနေရာအနီးတစ်ဝိုက်ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လုံခြုံရေးလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး၌ လက်နက်ငယ်ကျည်အချို့ ထိမှန်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အာဆီယံတူညီဆန္ဒ (၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးကိစ္စများတွင် အပြုသဘောဆောင်စွာဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စာနာမှုအကူအညီများ လိုအပ်သူများထံ ဖြန့်ဖြူးနိုင်ရေးနှင့် လိုအပ်သူမည်သူတစ်ဦးမျှ မကျန်စေရေးမူကို လက်ကိုင်ပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပံ့ပိုးနိုင်ရေးအပြင် လုံခြုံရေးနှင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။




**အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကဏ္ဍပေါင်းစုံက ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ယုတ်မာသောလုပ်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးတို့အတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation)ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူလူထုများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများနှင့် မသင်္ကာဖွယ်ရာများတွေ့ရှိပါက ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန်လိုကြောင်းကို သက်ဆိုင်ရာက နှိုးဆော်ထားရှိကြောင်း သတင်းရရှိသည်။

# ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်များ မီးလောင်ပျက်စီး




**နေပြည်တော် မေ ၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၇ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို မေ ၇ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏မြောက်ဘက် မီတာ ၇၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာ၏ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် သာယာကုန်းကျေးရွာရှိ နေအိမ်များ မီးလောင်နေမှုကို တွေ့ရစဉ်။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Silicone Sealant Gasket Marker ၄၄၇၁ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၆၈၅၆၀ ကိုလည်းကောင်း၊ မေ ၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်သွင်းကုန်၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ လေဆိပ်သို့ ကြိုတင်ရောက်ရှိသည့် ရက်ပေါင်း ၆၁ ရက်ကျော်လွန်နေသည့် SIDEL Brand New Blower Spare Parts တစ်ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၂၁၈ နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Air Compressor တစ်ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၄၀၆၉ ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ROCHE Medical Device သုံးခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၅၈၄၀၀ ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် ရေပိုက်ကီလိုဂရမ် ၂၁၈၀ အပါအဝင် Excavator and Bulldozer Spare Parts ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၆၉၇၁၉ ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Hydraulic Jacks & Accessories ၁၀ ခုအပါအဝင် ကုန်ပစ္စည်းကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၈၁၀ နှင့် Silkline Dis Posoble Wipes အခု ၂၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၂၇၁၇၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ မေ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့များက ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၆၄ တန်၊ သစ်မာ ၁ ဒသမ ၉၉၈ တန်နှင့် အခြားသစ် ၃ ဒသမ ၀၇၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၂၁၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၄ ရက်၊ ၅ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲရှစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၅၁၃၉၄၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-တနှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နေသူများဖြစ်ကြသည့် ခင်မြင့်နှင့် နုနုရှိန်တို့သည် ၎င်းတို့အသုံးပြုသည့် “Khin Myint” Facebook အကောင့်၊ “Nu Nu Shein” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်နေ နေမျိုးထွန်းသည် ၎င်းအသုံးပြုသည့် “Nay Myo Htun” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

0w Kw M @

# အမုန်းဖြင့်ရေးထိုးတဲ့မေတ္တာကမ္ပည်း

နေထူး




(၁)

"အလကားကောင်၊ မိဘက ကျောင်းထားပေးတော့ စာကိုမကြိုးစား။ သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ တစ်ခါတလေ အသောက်အစားလေးက လုပ်ချင်သေးတယ်။ ငါ့အိမ်ပေါ်မှာနေသမျှ ငါ့စည်းကမ်းအတိုင်းနေရမယ်။ မနေနိုင်ရင်ဆင်းသွား"

မောင်နိုင်တစ်ယောက် အိပ်ရာထဲမှာ နှပ်နေစဉ် ဖခင်ဖြစ်သူရဲ့ ဆူပူကြိမ်းမောင်းနေတဲ့အသံကြောင့် အိပ်ရာထဲက မထချင်ထချင်နဲ့ လူးလဲထလာခဲ့လိုက်တယ်။ မီးဖိုချောင်ထဲမှာချက်ပြုတ်နေတဲ့ အမေ့ဆီကို ရောက်သွားတော့ "နင်တို့သားအဖနဲ့တော့ ငါသေချင်တော့တာပဲ"လို့ မျက်နှာငယ်လေးနဲ့ ညည်းညူနေတဲ့ မိခင်ဖြစ်သူကို သိုင်းဖက်လိုက်ပြီး "အေးဆေးပါ၊ ဒီအဘိုးကြီးဆီက မချိုသာတဲ့သံစဉ်တွေကို နားထောင်မနေပါနဲ့"လို့ ခပ်တိုးတိုးစကားဆိုလိုက်ပြီး မျက်စိတစ်ဖက်မှိတ်ပြကာ နှုတ်ခမ်းကိုတွန့်ပြလိုက်ပြန်တယ်။

(၂)

မောင်နိုင့်မှာ အစ်ကိုတစ်ယောက်နဲ့ အစ်မတစ်ယောက် အိမ်ထောင်ကျကာအခြေတကျရှိကြပြီး အငယ်ဆုံးသားဖြစ်တဲ့ မောင်နိုင်ကတော့ ယောင်ဝါးဝါးဖြစ်နေတော့တယ်။ မောင်နိုင်တို့မိသားစုက မိရိုးဖလာဖြစ်တဲ့ တောင်သူအလုပ်လုပ်ကြပေမဲ့ မောင်နိုင်ကတော့ စိုက်ပျိုးရေးအလုပ်ကိုလဲ ဝါသနာမပါ။ ကျောင်းပညာကျတော့လဲ မိဘကထားပေမဲ့ ထွန်းပေါက်အောင်မနေဘဲ အပေါင်းအသင်းတွေနဲ့ ဝေလေလေလုပ်နေပြီး အသောက်အစားလေးကပါလာတတ်ပြန်တယ်။ သူသူငါငါ အသွားများတဲ့အနီးအနားက နိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတွေကိုလဲ အလုပ်လုပ်ဖို့မသွားလိုပေ။ ဖြစ်နိုင်ရင်တော့ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတွေကိုပဲ သွားချင်သူဖြစ်တယ်။ သူ့ရဲ့ဖခင်ဖြစ်သူကတော့ "ဆန်မရှိ အစားကြီး၊ အထည်ကြီးပျက်အကောင်" ဆိုပြီး တစ်တစ်ခွခွပြောဆိုတတ်ပြန်တယ်။

နောက်ပြီး "မင်းအစွမ်း၊ မင်းအစရှိလို့ကတော့ ဂျပန်၊ ကိုရီးယားမကလို့ အမေရိကန်ကိုပဲသွားသွား"လို့ ပိဿာလေးနဲ့ဘေးပစ် ဆိုတတ်ပြန်သေးတယ်။ မောင်နိုင်တစ်ယောက်ကတော့ သူ့ဖခင်ရဲ့အပြောစကားတွေကိုကြားပြီး အံကိုသာ ခပ်တင်းတင်းကြိတ်လိုက်မိတယ်။ တစ်ခါတလေတော့ ငါ့ရဲ့အဖေအရင်းမှ ဟုတ်ပါလေစလို့ တွေးထင်ဖူးပြီး မိခင်ဖြစ်သူကို မေးကြည့်မိဖူးတယ်။ မိခင်ဖြစ်သူကတော့ ပျာပျာသလဲနဲ့ မင်းအဖေက မင်းကို ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ လေလွင့်ပျက်စီးပြီး အရက်သမားဖြစ်သွားမှာစိုးလို့ အမုန်းခံပြောဆိုနေတာဖြစ်ကြောင်း ရှင်းပြခဲ့ပေမဲ့ မောင်နိုင်ကတော့နားမဝင်ခဲ့။

(၃)

သူ့ရဲ့ဖခင်က ငွေကိုသာခင်တတ်တဲ့ ကိုငွေခင်ကြီး ရယ်လို့ပင် သူ့အမေရှေ့မှာ ပြန်ပြောဖြစ်ခဲ့ဖူးတယ်။ တစ်ခါတစ်ရံ မိခင်ဖြစ်သူဆီက ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုးကလေး လက်သိပ်ထိုးတောင်းနေတာများတွေ့လို့ကတော့ မိခင်ဖြစ်သူကို "သူခိုး ဓားရိုးကမ်း"လို့ အပြစ်ပြောဆိုတတ်ပြန်တယ်။ သားအဖနှစ်ယောက်ရဲ့ နေ့စဉ်နဲ့အမျှဖြစ်ပွားနေတတ်တဲ့ ပါးစပ်စစ်ပွဲကလေးတွေကြောင့် မိခင်ဖြစ်သူမှာတစ်နေ့တခြား စိတ်ဆင်းရဲနေရပြီး ရောဂါကတိုးတိုးလာတယ်။ သွေးတိုးရောဂါကအခံရှိနေပြီး နှလုံးရောဂါကလဲ တစ်ခါတစ်ရံ ဖောက်ဖောက်လာတတ်လို့ စကားနည်းရန်စဲဖြစ်စေဖို့ မောင်နိုင်တစ်ယောက် မသွားချင်သွားချင်နဲ့ မလေးရှားနိုင်ငံကို ထွက်လာခဲ့ဖြစ်တယ်။ မောင်နိုင်တစ်ယောက် ဖခင်ဖြစ်သူရဲ့ ပြစ်တင်မှုဒဏ်မခံနိုင်လို့ မလေးရှားနိုင်ငံကိုထွက်လာရပေမဲ့ စိတ်ကပျော်ရွှင်မှုမရှိခဲ့ပေ။ တစ်ခါတစ်ရံမှာ လုပ်ငန်းခွင်ရဲ့အဆင်မပြေမှု၊ ပင်ပန်းမှုဒဏ်တွေ ကြုံလာရပြန်ရင် ဖခင်ဖြစ်သူအပေါ် သာပုံချပြီး အခဲမကျေဖြစ်နေတတ်တယ်။ မောင်နိုင်သွားလိုတာက ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ ဒါမှမဟုတ် စင်ကာပူနိုင်ငံလောက်ကို မျှော်လင့်ထားခဲ့သူဖြစ်တယ်။ အခုလို မလေးရှားနိုင်ငံကိုထွက်လာရဖို့ ဖခင်ဖြစ်သူက သူ့ရဲ့နွားလေးတစ်ရှဉ်း ရောင်းပေးလိုက်ရတာကို မစဉ်းစားမိခဲ့ပေ။ လုပ်ငန်းခွင်တို့ သဘောသဘာဝကိုက အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်တတ်တယ်။ တစ်ခါတစ်ရံ အတော်ပင်ပန်းပြီး တစ်ခါတစ်ရံတော့ နားနားနေနေရှိတတ်ပြန်တယ်။ ရွာမှာနေလာကတည်းက လက်ကြောမတင်းချင်။ အတတ်ပညာဆိုတာကလဲ နတ္ထိဆိုလေတော့ လုပ်ငန်းခွင်အတွင်းမှာ အံဝင်ခွင်ကျဖြစ်ဖို့က အတော်လေး ရုန်းကန်ခဲ့ရတယ်။ ဒီလိုနဲ့သုံးနှစ်လောက်ကြာတဲ့ထိ မိခင်နဲ့ပဲ ဖုန်းခေါ်အပြောအဆိုရှိပြီး ဖခင်နဲ့တစ်ခါမှ ဖုန်းမပြောဖြစ်ခဲ့။ မိခင်က သွေးတိုးလိုလို၊ နှလုံးရောဂါလိုလို ဖြစ်နေတာကြောင့် ကျန်းမာရေးကို ဂရုစိုက်ဖို့၊ ပိုက်ဆံကို နှမြောမနေဘဲ ဆေးရုံဆေးခန်းမှာပြဖို့ မှာမိတယ်။ မိခင်က "နင့်အဖေနဲ့ ဖုန်းပြောလိုက်အုံးလေ"လို့ ပြောလာရင် "မပြောတော့ပါဘူး"လို့ အသံပြတ်နဲ့ ငြင်းတတ်တယ်။ အမေနဲ့ ဖုန်းပြောနေရင်းက ဖခင်ဖြစ်သူရဲ့ တရစပ်ချောင်းဆိုးနေတဲ့အသံကိုတော့ ခပ်သဲ့သဲ့ကြားနေခဲ့မိတယ်။

(၄)

မောင်နိုင်တစ်ယောက် မလေးရှားနိုင်ငံမှာ လုပ်လာခဲ့တာ သုံးနှစ်ကျော်လာတော့ ခွင့်ယူပြီး မြန်မာနိုင်ငံကို အလည်ပြန်လာဖြစ်ခဲ့တယ်။ မိခင်ဖြစ်သူအတွက်တော့ မလေးရှားပါတိတ်လေးတွေနဲ့ ဖွယ်ဖွယ်ရာရာလေးတွေ ဝယ်လာဖြစ်ခဲ့ပေမဲ့ ဖခင်အတွက်တော့ ဘာဆိုဘာမှ ဝယ်မလာဖြစ်ခဲ့။ အိမ်ကို ပြန်ရောက်မှ သုံးချင်တာသုံးဖို့အတွက် ပိုက်ဆံ ၅၀၀၀၀ ကို မိခင်ကတစ်ဆင့်ပေးခဲ့မိတယ်။ မြန်မာနိုင်ငံရောက်တော့လဲ အိမ်မှာကြာကြာမနေဖြစ်ခဲ့။ မြန်မာနိုင်ငံအနှံ့ဘုရားဖူးသွားကြမဲ့ သူငယ်ချင်းတွေနဲ့ လိုက်သွားဖြစ်ခဲ့တယ်။ ဘုရားဖူးကအပြန်မှာလဲ မိခင်ကြီးအတွက် ဖွယ်ဖွယ်ရာရာလေးတွေ တကူးတကဝယ်လာခဲ့ပြန်ပေမဲ့ ဖခင်ကြီးအတွက်ကတော့ လက်ဗလာသာ။ ဒီကြားထဲ ဘုရားဖူးသွားရင်းနဲ့ အခြားရွာကကောင်မလေးတစ်ယောက်နဲ့ အတော်လေးနီးစပ်လာတာကို ဖခင်ဖြစ်သူကကြားလာတော့ သဘောမတူသလိုလို၊ ဘာလိုလိုပြောနေသံကြားရလေတော့ ရယ်ချင်ချင်ဖြစ်နေမိသေးတယ်။

"အမေ ကျွန်တော်အရင်ကလို ၁၀၉၊ ၁၁၀ မဟုတ်တော့ဘူးနော်။ ကျွန်တော့် အိမ်ထောင်ဖက်ကို ကျွန်တော့်စိတ်တိုင်းကျရွေးယူမယ်"လို့ သူ့ရဲ့ ဖခင်ကြီး ကြားလောက်အောင် အသံကျယ်ကျယ်နဲ့ ခပ်ဆတ်ဆတ်ပြောခဲ့လိုက်သေးတယ်။ မိခင်ဖြစ်သူကတော့ မောင်နိုင်ရဲ့အပြောစကားကြားကာ စိတ်မချမ်းသာဟန်တူပြီး ဘာမှပြန်ပြောတာမရှိ။ ဖခင်ဖြစ်သူကတော့ အိမ်ခေါင်းရင်းမှာ တူတွေ၊ လွှတွေနဲ့ အလုပ်ရှုပ်နေပြီး ချောင်းကလေးကတော့ တဟွပ်ဟွပ်ဆိုးနေသံသာကြားနေရတယ်။ ဒီလိုနဲ့ ခွင့်ရက်စေ့လို့ မလေးရှားကိုပြန်ဖို့အတွက် အိမ်ကမထွက်ခင် အဖေနဲ့အမေ့ကို ဦးချကန်တော့တော့ မိခင်ဖြစ်သူက ဆုတွေပေးပြီး မျက်ရည်ကလေးကျနေပေမဲ့ ဖခင်ဖြစ်သူကတော့ ခေါင်းကြီးအောက်ကိုစိုက်ကာ "ဂရုစိုက်သွား၊ ကျန်းမာအောင်နေပေါ့ကွာ"လို့ဆိုပြီး ချောင်းက တဟွပ်ဟွပ်ဆိုးနေပြန်လို့ အိမ်ခေါင်းရင်းဘက်ကို ထပြီးထွက်သွားတော့တယ်။ ချောင်းဆိုးရလွန်းလို့ ထင်ပါ့။ ဖခင်ဖြစ်သူခမျာ မျက်ရည်စကလေးတွေကျနေတာတော့ မြင်လိုက်ရမိတယ်။ မောင်နိုင်ကတော့ မိခင်ဖြစ်သူကိုပဲ ကျန်းမာအောင်နေဖို့၊ အလုပ်ပင်ပန်းအောင်မလုပ်ဖို့မှာပြီး အိမ်ကထွက်လာဖြစ်ခဲ့တယ်။

(၅)

မလေးရှားကို ပြန်ရောက်ပြီး ခြောက်လလောက်အတွင်းမှာ အမေဖြစ်သူနဲ့တော့ ဖုန်းခဏခဏ ပြောဖြစ်တယ်။ ဖခင်ဖြစ်သူကိုတော့ စိတ်ကခုနေဆဲမို့ ဖုန်းမပြောဖြစ်ခဲ့။ ကိုယ်နဲ့တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူတွေက ဂျပန်၊ ကိုရီးယားနိုင်တွေမှာ အဆင်ပြေနေကြတယ်ဆိုတဲ့အသံတွေကိုကြားရလေ ဖခင်ဖြစ်သူအပေါ်မှာ မကျေနိုင်၊ မချမ်းနိုင်ဖြစ်နေဆဲပင်။ တစ်နေ့မှာတော့ မမျှော်လင့်ဘဲ မောင်နိုင်ရဲ့အစ်မဆီက ဖုန်းဝင်လာခဲ့တယ်။ အဖေဆုံးသွားပြီတဲ့။သူ့ရဲ့အစ်မအသံက ငိုသံကြီးနဲ့မလို့ သေချာအောင်ထပ်မေးလိုက်တယ်။

"မမ ဆုံးတာက အဖေလား၊ အမေလား"

"အဖေဟဲ့ အဖေ"

မောင်နိုင် ဘယ်လိုမှမျှော်လင့်မထားခဲ့မိ။ မိခင်ဖြစ်သူကပဲ သွေးတိုးနဲ့ နှလုံးရောဂါရှိနေတာမို့ မိခင်ဖြစ်သူကိုပဲ စိတ်ပူပန်ခဲ့မိတယ်။ အခုတော့ ဖခင်ကြီးက ဆုံးသွားခဲ့ပြီတဲ့။ မောင်နိုင်တစ်ယောက် မြန်မာနိုင်ငံကို အပြီးအပိုင်ပြန်လာခဲ့လိုက်တယ်။ ခရီးက ပြန်ရောက်တော့ သူ့အခန်းလေးထဲဝင်ပြီး ပစ္စည်းတွေထားတော့ သူ့ရဲ့အိပ်ရာလေးက ခုတင်ကလေးနဲ့ဖြစ်နေတယ်။ အစ်မဖြစ်သူက နောက်ကနေပြီး အခန်းထဲဝင်လာတာမလို့ "အစ်မ. . . ဒီခုတင်က ဝယ်ထားတာလား" မောင်နိုင်ရဲ့ အမေးစကားကြောင့် အစ်မဖြစ်သူက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြီး "မောင်လေးပြန်လာရင် အိပ်ဖို့ အဖေလုပ်သွားပေးတာ" လို့ ငိုသံကြီးနဲ့ဖြေတယ်။ မောင်နိုင်တစ်ယောက် မြန်မာနိုင်ငံကို အလည်ပြန်လာတုန်းက အိမ်ခေါင်းရင်းလေးမှာ ချောင်းကလေးတဟွပ်ဟွပ်နဲ့ တတောက်တောက်လုပ်နေတဲ့ ဖခင်ဖြစ်သူကို မြင်ယောင်လာမိပြန်တယ်။ အစ်မဖြစ်သူက "အဖေက သူ့သားကျခုတင်ရိုက်ပေးတယ်။ သမီးတို့တုန်းကတော့ ခုတင်ရိုက်မပေးဘူး"လို့ စကားနာထိုးတော့ အဖေက ပြုံးပြုံးကြီးလုပ်ပြီး "ငါ့သားက နိုင်ငံခြားပြန်ကြီးဟ"လို့ ဆိုခဲ့ပြန်သေးသတဲ့။ ဘေးနားမှာရှိနေတဲ့ အမေဖြစ်သူက မျက်စောင်းထိုးပြီး "ပြန်သွားမှ ငါ့သား ငါ့သားနဲ့။ ရှိနေတုန်းကကျ မျက်နှာတည်ကြီးနဲ့" လို့ ဝင်ပြောလိုက်တယ်။ အစ်မ ဖြစ်သူကလဲ "အမေကလဲ မောင်လေး မလေးရှားမသွားခင်တုန်းကဆို အဖေက ဆူလိုက်ဟောက်လိုက်နဲ့။ အခုမှ ငါ့သား ငါ့သားလုပ်နေတာပါ"လို့ ထပ်ပြီးစလိုက်ပြန်သည်။

"ဟုတ်ပါ့အေ"လို့ အမေဖြစ်သူက စကားဝင်ထောက်လိုက်တော့ ဖခင်ဖြစ်သူက "ငါက ဒီကောင်ကို အလုပ်မရှိ၊ အကိုင်မရှိနဲ့ ဝေလေလေဖြစ်ပြီး အရက်သမားဖြစ်သွားမှာစိုးလို့ အမုန်းခံပြောနေရတာဟ"လို့ ပြောသွားသေးသတဲ့။

(၆)

ခဏနေတော့ မောင်နိုင့်ဖခင်ရဲ့အစ်ကိုကြီးဖြစ်သူ ဦးကြီးရောက်လာပြီး စိတ်မကောင်းမဖြစ်ဖို့ ဖျောင်းဖျပြန်တယ်။

"ငါ့တူကြီး ဘာမှစိတ်မကောင်းဖြစ်မနေနဲ့။

စာမျက်နှာ ၂၅ သို့➤

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် မြို့နယ်လေးမြို့နယ်၌ လမ်းတံတားလုပ်ငန်း ၁၂ ခု အကောင်အထည်ဖော်ဆောင်ရွက်မည်



ချင်းပြည်နယ်တွင် ဆောင်ရွက်ပေးခဲ့သည့်လမ်းလုပ်ငန်းကို တွေ့ရစဉ်။

**ဟားခါး မေ ၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် မြို့နယ် လေးမြို့နယ်၌ ငွေကျပ် သန်း ၂၀၀ ကျော်ဖြင့် လမ်းတံတားလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ပလက်ဝ၊ ဖလမ်း၊ ဟားခါးနှင့် ကျီခါးမြို့နယ်တွင် လမ်းတံတားလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပလက်ဝမြို့နယ်တွင် ကျောက်ချောလမ်းလုပ်ငန်း တစ်ခု၊ မြေထိန်းနံရံလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း နှစ်ခု၊ ဖလမ်းမြို့ နယ်တွင် ကွန်ကရစ်လမ်းလုပ်ငန်း တစ်ခု၊ ကျောက်ချောလမ်းလုပ်ငန်း တစ်ခု၊ သံကူကွန်ကရစ်ရေမြောင်းလုပ်ငန်း နှစ်ခု၊ မြေထိန်းနံရံလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ငါးခု၊ ဟားခါးမြို့နယ်တွင် ကွန်ကရစ်လမ်းလုပ်ငန်း သုံးခုနှင့် အခြားလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်းလေးခု၊ ကျီခါးမြို့နယ်တွင် ကွန်ကရစ်လမ်းလုပ်ငန်း တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ တင်ဒါအဆိုပြုလွှာများကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။

**ချမ်းချမ်း**

# နတ်တလင်းမြို့နယ်၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း မေ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန်နှင့် ခေတ်မီစံပြကျေးရွာများဖြစ် ပေါ်လာစေရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို မေ ၇ ရက်က ဒမငယ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒမငယ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကိုဖော်ထုတ်ပြီး ရေးဆွဲရရှိသောစီမံချက်များကို ဘဏ္ဍာနှစ်အလိုက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ပြောပြ၍ သိရသည်။

**သုတ**

➤စာမျက်နှာ ၂၄ မှအဆက်

လူဆိုတာသေမျိုးကြီးပဲကွ။ ဒီနေ့သေမလား၊ မနက်ဖြန် သေမလားသာ မသိကြတာ။ မင်းကတော့ သား၊ သမီးတာဝန်ကျေပါတယ်ကွာ။ မင်းအဖေဆို ရွာထဲမှာတွေ့တဲ့လူတိုင်းကို ခဏခဏကြွားပဲ့ဗျာ။ အဖေ့ကို ကျန်းမာရေးဂရုစိုက်ဖို့၊ ပိုက်ဆံကိုမနှမြောဖို့ ဖုန်းဆက်တိုင်းတတွတ်တွတ်နဲ့ မင်းကမှာတယ်ဆိုပဲ။ သာဓုပါဗျာ၊ သာဓု သာဓု"

မောင်နိုင်တစ်ယောက် ဦးကြီးဖြစ်သူရဲ့ ပြောစကားတွေကို မကြားတစ်ချက်ကြားတစ်ချက်နဲ့ မကြားဝံ့လောက်အောင်ဖြစ်သွားမိတယ်။ သူဖုန်းဆက်ဖြစ်တိုင်း အမေဖြစ်သူကိုပဲ စိတ်ပူပန်ခဲ့သူဖြစ်တယ်။ အိပ်ခန်းလေးထဲကို ပြန်ဝင်လာမိတော့ ခုတင်ကြီးကို ကြည့်လိုက်မိပြီး တစ်ခါတစ်ရံ ဖခင်ဖြစ်သူရဲ့ တဟွပ်ဟွပ်ဆိုးနေတဲ့ ချောင်းဆိုးသံလေး ကြားလိုက်ရမိသလိုလိုနဲ့ ဝေ့ဝဲပြီးအခန်းလေးကို ပတ်ကြည့်လိုက်မိပြန်တယ်။ သူ့ရဲ့ ခုတင်ဘေးက ကမ္ဗည်းမှတ်တမ်းလေးတစ်ခုကို တွေ့လိုက်ရတယ်။

"မိဘနှစ်ပါးကို ဦးထိပ်ထားပြီး ကိုမောင်နိုင်မှ အလှူငွေကျပ် ၅၀၀၀၀" ဆိုပြီး ရွာကမူလတန်းကျောင်းဆောင်သစ်မှာ လှူထားတဲ့ ဂုဏ်ပြုကမ္ဗည်းမှတ်တမ်းလေးဖြစ်နေတယ်။ မောင်နိုင်တစ်ယောက်ဖခင်ဖြစ်သူကို "ကိုငွေခင်ကြီး"ဆိုပြီး ခြူစုခဲ့ဖူးတာကို သတိရမိလိုက်ပြီး တသွယ်သွယ်ကျလာတဲ့မျက်ရည်စတွေနဲ့အတူ ဖခင်ဖြစ်သူ ကောင်းရာသုဂတိလားပါစေလို့ စိတ်ထဲကနေပြောလိုက်မိတော့တယ်။

အဖေ့အပေါ် ငြူငြင်အပြစ်တင်ခဲ့မိတဲ့ သားမိုက်ကို တမလွန်ကနေ ခွင့်လွှတ်ပေးဖို့ ကန်တော့ရင်း တောင်းပန်လိုက်မိတယ်။ ဂုဏ်ပြုမှတ်တမ်းလေးထဲက အလှူငွေကျပ် ၅၀၀၀၀ ကတော့ မောင်နိုင်တစ်ယောက် မလေးရှားကပြန်လာတုန်းက ကန်တော့ထားတဲ့ ပိုက်ဆံကလေးနဲ့ လှူဒါန်းထားတာကိုတော့ ပြောပြဖို့ကိုကား လိုမယ် မထင်တော့ပေ။

## သီးနှံသားငါးကြွယ်ဝ တောအလှ

\- နွေရာသီ ရောက်ခဲ့ကြ
ကျေးတောက တို့တစ်တွေ၊
စားသီးပင် စိုက်ကာထား
များလှပေါပေ၊
ငရုတ် ချဉ်ပေါင် ကန်စွန်းဝေ
ဖရုံရွှေ ပဲမျိုးစုံရော၊
ခရမ်းရှည် ဘူး မုန်လာစိုက်ခင်းနဲ့
ဟင်းရွက်တို့ပေါ။

\- ကြက် ဝက် ဘဲတို့ တစ်နိုင်မွေးကြ
ဥမျိုးစုံရ အသားတွေ၊
စားပိုလျှံ မြို့တက်ရောင်း
ဈေးကောင်းရပေ၊
ချောင်းအတွင်းက ငါးပုစွန်တွေ
လယ်ကဏန်းတွေ လှိုင်လှိုင်ပေါ၊
စားကုန်သီးနှံ မျိုးစုံဝ
ရရှိတဲ့တော။

\- လူသုံးကုန် ဝါးဓနိ
ပေါများဘိ တို့တောရွာ၊
သစ် ကြိမ် ကုလားထိုင် အသုံးဆောင်များ
အားထားကြရာ၊
ဆန်ရေစပါး ဖူလုံစွာ
ငါးပိ ငါးခြောက်မှာ လျှံပယ်မွှေး
မီးဖိုချောင် စားသောက်ကုန်တို့
(တို့တောမှာလေ)
ပေါစုံလှသေး။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# ရမည်းသင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၄၀၀၀၀ စိုက်ပျိုးမည်

**ရမည်းသင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၄၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဝါကို မိုးကြို၊ မိုးဦး၊ မိုးနှောင်းဟူ၍ စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးကြိုဝါကို မတ်လ၊ မိုးဦးဝါကို မေလလယ်မှစ၍ စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးသည့် ဝါအမျိုးအစားများအနေဖြင့် ရွှေတောင် ၁၀၊ ရွှေတောင် ၈ နှင့် ငွေချည် ၆ ဝါမျိုးတို့ကို စိုက်ပျိုးကြကြောင်း၊ တောင်သူအများဆုံးစိုက်ပျိုးသည့်မျိုးမှာ ရွှေတောင် ၁၀ မျိုးဖြစ်ကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ကိုက်ညီတဲ့ သီးနှံဖြစ်တယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိတဲ့သီးနှံဖြစ်ပါတယ်။ ဝယ်လိုအားရှိတာကြောင့် တောင်သူတွေအတွက်လဲတွက်ခြေကိုက်ပါတယ်။ ဝါကုန်ကြမ်းလိုအပ်မှုရှိတဲ့အတွက် ဝါနဲ့ဝါထွက်ပစ္စည်းကို အခြေခံတဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းလိုအပ်မှုကို ဖြည့်ဆည်းဖို့ စိုက်ပျိုးသွားမှာပါ။ အဓိကကတော့ တောင်သူတွေအတွက် အခြားသီးနှံတွေ ရောင်းတဲ့အခါ ဈေးကွက်အခက်အခဲရှိတယ်။ ဝါသီးနှံက ဈေးကွက်အခက်အခဲ မရှိပါဘူး။ ပြည်တွင်းလိုအပ်ချက်နဲ့ ဝယ်လိုအားရှိတာကြောင့် ဝါသီးနှံကအဆင်ပြေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောပြသည်။

ဝါသီးနှံသည် ရာသီဥတုဖြစ်စဉ်အရ ရေရှားပါးမှုဖြစ်ခဲ့ပါက အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်စေရန် ဝါကိုအဓိကထား စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မုန်းမုန်းချစ်ချစ် ပြောမှဖြစ်လို့

**သတင်းစာဆရာတစ်ဦး**

**No One is hated than the one who tells the truth.**

**PLATO(427-347 B.C)**

**"အမှန်တရားကိုပြောဆိုသူလောက် ပိုပြီးအမုန်းခံရတဲ့လူဆိုတာ မရှိပါဘူး။"**

**ပလေတို(ဘီစီ ၄၂၇-၃၄၇)**

**ဓါမဓောင်၊ အေသင်မြို့မှပညာရှင်**

လူ့အသိုင်းအဝိုင်းနဲ့ ဆက်ဆံနေထိုင်ရတဲ့ လူ့လောကမှာ ဆက်ဆံရေးသဘောထားအမြင်အရ လူအများရဲ့ မုန်းခြင်း၊ ချစ်ခြင်းဆိုတာ အရေးပါတာပေါ့။ မုန်းချင်လည်းမုန်း၊ မကြိုက်ချင်လည်းမကြိုက်နဲ့ မတတ်နိုင်ဘူး။ မနေ့ကထက် ဒီကနေ့ကို ပိုကောင်းအောင်လုပ်ဆောင်ရမယ်။ မနက်ဖြန်အတွက် ယနေ့ထက်ပိုပြီးတိုးတက်သာယာအေးချမ်းအောင် ကြိုးစားရမယ်။ ဒါဟာ မိမိအတွက် ရှောင်လွှဲခြင်းမပြုနိုင်တဲ့ ဘဝပေးတာဝန်လို့ ကျွန်တော်တို့ခံယူတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းတွေထက် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့တိုင်းရင်းသားတွေ အထူးသဖြင့် အနာဂတ်ကို မလွဲမသွေပိုင်စိုးကြမဲ့ လူငယ်တွေ အစစအရာရာ ကျွန်တော်တို့ခေတ်ထက် ပိုမိုသာယာအေးချမ်းကြပါစေ၊ ဖွံ့ဖြိုးအောင်မြင်ပျော်ရွှင်ကြပါစေ။ လောကနိဗ္ဗာန်တည်ဆောက်မပေးနိုင်ရင်တောင် လှပတဲ့အနာဂတ်ကို ပိုင်ဆိုင်အောင်တော့ မေတ္တာအမွေပေးဝေရမှာပဲ။

အောင်မြင်မှုဆိုတာက ပေးလို့ရတာမျိုးမဟုတ်။

ပျော်ရွှင်မှုဆိုတာကို ဖန်ဆင်းပေးလို့မရ။

မိမိကိုယ်တိုင်က သိမြင်၊ ကြိုးစား၊ အားထုတ်မှသာ ရရှိနိုင်တဲ့အရာမဟုတ်လား။ ကိုယ်တိုင်နားလည်သဘောပေါက်ပြီး လက်တွေ့လိုက်နာလုပ်ဆောင်နိုင်အောင်ပဲ အကြောင်းအကျိုးတွေမျှဝေအသိပေးလိုတာပါ။ ပြောမှဖြစ်မှာပေါ့။ ဥပမာဆိုပါတော့-

မြတ်စွာဘုရားဟောကြားတော်မူတဲ့ ကုမ္မဃောသကသုတ်ကို ဖတ်ဖူးပါတယ်။ ရာဇဂြိုဟ်ပြည်ဘုရင် ဗိမ္ဗိသာရမင်းလက်ထက်က မြို့အစွန်အဖျားတစ်နေရာမှာ တောင်ယာစိုက်ပျိုးလုပ်ကိုင်စားတဲ့ ဆင်းရဲသားလူငယ်တစ်ယောက် နေ့ချင်းညချင်း သန်းထီပေါက်သလို ချမ်းသာကြွယ်ဝသွားတာကို ထောက်ဆပြီး "ဖြစ်နိုင်ပါတယ်၊ မဖြစ်နိုင်ပါဘူး" အချေအတင်အငြင်းပွားနေတဲ့ သံယာတချို့ကို အကြောင်းပြုကာ ဒီတရားကို ဟောကြားတယ်။

လူငယ်တွေအတွက် ရွှေထက်တန်ဖိုးရှိတဲ့အောင်မြင်ရေးအခြေခံဥပဒေသပါပဲ။ ဘယ်လူငယ်မဆိုဟောဒီအခြေခံဥပဒေသခုနစ်ချက်အတိုင်း လိုက်နာသူဟာ မုချမလွဲအောင်မြင်ချမ်းသာကြီးပွားမှာပဲ-

**၁။ လုံ့လဝီရိယ ထကြွထက်သန်**

**၂။ အစဉ်အမြဲသတိရှိ**

**၃။ ကံသုံးပါး(ကာယ၊ ဝစီ၊ မနော) သန့်ရှင်းစင်ကြယ်**

**၄။ အရာရာကို ဉာဏ်နဲ့ သေသေချာချာစူးစမ်းဆင်ခြင်ပြီးမှ နိုင်းနိုင်းချိန်ချိန်ပြုတတ်**

**၅။ ကိုယ်၊ နှုတ်၊ စိတ်အပေါက်အကြား၊ အပြစ်အနာအမရှိအောင်စောင့်စည်း**

**၆။ တရားတဲ့အသက်မွေးဝမ်းကျောင်းနဲ့ မျှတစွာစီးပွားရှာ**

**၇။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေတတ်။**

**ဒီလိုလူစားဟာဆိုရင် သူ့အတွက် စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာ၊ အခြံအရံ၊ အကျော်အစော စတဲ့အောင်မြင်မှုတွေ တစ်နေ့တခြားတိုးပွားသထက်တိုးပွားမယ်။** (ဟုတ်ပါ့မလား။ ယုံယုံကြည်ကြည်စမ်းကြည့်။ သိရမယ်)

ယာလုပ်သူပဲဖြစ်ဖြစ်၊ လယ်သမားပဲဖြစ်ဖြစ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်မှာ စားပွဲထိုး၊ ပန်းကန်ဆေး၊ ထင်းခွဲအလုပ်လုပ်နေကြသူတွေပဲဖြစ်ဖြစ် ဒီခုနစ်ချက်ကို ကျင့်သုံးလိုက်နာရင်တော့ ဆင်းရဲတဲ့ဘဝက လွတ်မြောက်မှာပဲ။ သူဌေးသား၊ အရာရှိကြီးသားသမီးဖြစ်ဖြစ်၊ တက္ကသိုလ်တွေက ဒီဂရီဘွဲ့ရခဲ့သူတွေပဲဖြစ်ဖြစ် ဒီအချက်တွေ လျစ်လျူရှုရင်တော့ စည်းစိမ်ဥစ္စာအခြံအရံစတာတွေဟာ တိုးချင်မှတိုးပေမှာပေါ့။

ဆက်ပြီးဆွေးနွေးချင်တာကတော့ လက်နက်ကိုင်ထားကြတဲ့ လူငယ်များကိုပေါ့။ သေနတ်ကိုင်ထားပြီဆိုမှတော့ ရန်သူနဲ့စစ်တိုက်ရပြီပေါ့။ ဟုတ်တယ်မဟုတ်လား။ မင်းဟာ ဘယ်တပ်ကလဲ။ ဘယ်ဘက်ကလဲ။ မသိပါ။ အစိုးရဘက်၊ တပ်မတော်ဘက်ကဖြစ်ဖြစ်၊ တပ်မတော်သားမဟုတ်တဲ့အဖွဲ့အစုကပဲဖြစ်ဖြစ် ဖတ်ချင်တဲ့လူဖတ် သိရင်ကောင်းကျိုးရမှာပဲ ဖော်ပြမယ်လေ။ ကြိုက်ရင်ကျင့်သုံး။ မကြိုက်ရင် လွှင့်ပစ်လိုက်။

စစ်တိုက်ရင် နိုင်ချင်လို့တိုက်တာမဟုတ်လား။

နိုင်တဲ့နည်းကို သိရဲ့လား။

စစ်နိုင်ချင်ရင် ဒီအရည်အသွေးလေးချက်တော့ ကိုယ့်ဘက်ကပြည့်စုံအောင်ဖြည့်ထားမှရတယ်-

**"သစ္စာ၊ ဓမ္မ၊ ဝီရိယနဲ့ စာဂဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခု"**တဲ့။ များများစားစား မဟုတ်ပါဘူး။

ဒီဟာလေးမှမရှိကြရင် မောင်တို့မနိုင်နိုင်ဘူး။

ပါဠိဝေါဟာရပါနေလို့ မြန်မာလိုပြန်ပေးဖို့လိုမယ်ဆိုရင် ရှင်းအောင်ပြန်ရေးပြမယ်။

၁။ သစ္စာ - မှန်ကန်ရပါမယ်

၂။ ဓမ္မ - တရားမျှတရပါမယ်

၃။ စာဂ - စွန့်လွှတ်၊ အနစ်နာခံရမယ်၊ စွန့်စားရဲရမယ်

၄။ ဝီရိယ - ကြိုးစားအားထုတ်မှုရှိရတယ်။

ကမ္ဘာ့သမိုင်း၊ ကမ္ဘာ့စစ်သမိုင်းတွေမှာ ဒီအတိုင်းပဲ။ ရှေးဟောင်းနိုင်ငံကြီးများဟာ အင်ပါယာတွေကျယ်ဝန်းစွာ စစ်ခေါင်းဆောင်များ ဘုန်းမီးနေလတောက်ပပြီး တန်ခိုးကြီးခဲ့ကြပေမယ့် ခေတ်အဆက်ဆက် စစ်ဘုရင်တွေဟာ တာရှည်မခံစားရဘူး။ ဘာကြောင့်လဲ။ စစ်ကိုပျော်မွေ့လာတဲ့အခါမှာ မရှောင်မလွှဲသာဘဲ ကျဆုံးကြရတာပါပဲ။ စစ်ဟာ မီးလိုပူပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံသားအတွက် မိမိဘဝကို တကယ်စွန့်လျှုနိုင်မှသာ စစ်သားကောင်းဖြစ်နိုင်ပါတယ်။

စစ်ဆိုတာဘာလဲ။

"စစ်ဟူသည်မှာ တစ်ဖက်ရန်သူကို မိမိအလိုကျလိုက်နာလုပ်ဆောင်လာအောင် လက်နက်ကိုင်တပ်များ၊ တပ်ဖွဲ့များ၊ လက်နက်မကိုင်ဆောင်သောတပ်ဖွဲ့များ၊ စစ်ဘက်နှင့် စစ်ဘက်မဟုတ်သောအဖွဲ့အစည်းများ၊ အန္တရာယ်ပေးနိုင်သောနည်းလမ်းနှင့် အန္တရာယ်မပေးနိုင်သောနည်းလမ်းမျိုးစုံကို အသုံးပြုခြင်းဖြစ်သည်"

စစ်ကို ခေတ်အဆက်ဆက်အဓိပ္ပာယ်ဖွင့်ခဲ့ကြတာ အကျယ်၊ အကျဉ်း၊ ရှေးက၊ အခုခေတ် အများကြီးထဲက တိတိကျကျနဲ့ ဆီလျော်ဆုံးအဓိပ္ပာယ်ကိုရွေးပြီး ဖော်ပြတာပဲ။ စစ်တိုက်တဲ့ထဲပါဝင်နေရရင်တော့ စစ်ပရိယာယ်တွေ၊ စစ်အမျိုးမျိုးအကြောင်းတွေ အကျဉ်းအနှစ်လောက်တော့ သိဖို့ကောင်းပေတာပေါ့။

အရှေ့တောင်အာရှနိုင်ငံတချို့ကို လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က စီးပွားရေးပျက်ပြားကျဆင်းအောင် အမေရိကန်သန်းကြွယ်သူဌေး ငွေကုန်သည်ကြီး ဂျော့ဆိုးရော့စ် (George Soros) က တိုက်ခိုက်မှု၊ (ထိုင်း၊ မလေးရှားနဲ့ အင်ဒိုနီးရှားသူဌေးတွေတော်တော်ထိခိုက်ခဲ့တယ်)၊ အမေရိကန်သံရုံးရယ်၊ နယူးယောက်ကမ္ဘာ့ကုန်သွယ်ရေးစီးပွားစင်တာမျှော်စင်အဆောက်အအုံကြီးနှစ်ခုကို လေယာဉ်နှစ်စင်းနဲ့တိုက်ပြီး အိုစမာဘင်လာဒင်က စီမံတဲ့အကြမ်းဖက်တိုက်ခိုက်မှု၊ ဂျပန်နိုင်ငံ တိုကျိုမြေအောက်ရထားဘူတာမှာ အုံရှင်ယိကျိုဂိုဏ်းက အဆိပ်ဓာတ်ငွေ့လွှတ်ကာ တိုက်ခိုက်မှု၊ ဟက်ကာတချို့က အင်တာနက်ကွန်ရက်များကို နှောင့်ယှက်၊ ဖျက်ဆီး၊ တိုက်ခိုက်မှု စသဖြင့် စစ်ပွဲဟာ စစ်ပွဲပုံစံသစ်၊ အသွင်သဏ္ဍာန်အသစ်၊ နည်းလမ်းအသစ်အမျိုးမျိုးနဲ့ ပေါ်ပေါက်လာခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခြေခံသဘောက စစ်ပွဲဆင်နွှဲတိုက်ခိုက်ခြင်းပါပဲ။ ဒါကြောင့် ပုံစံအမျိုးမျိုး၊ အသွင်သဏ္ဍာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးတို့ကို ဉာဏ်ကစားပြီး ထိုးစစ်ခံစစ်၊ စစ်ကစားကြရတာဖြစ်ပါတယ်။

စစ်တို့ကို တစ်ဝက်စစ်ပွဲ (Semi-Warfare) အယောင်ဆောင်စစ်ပွဲ (Quasi-Warfare)၊ စစ်မကျစစ်ပွဲအသုံးပြုခြင်း စသဖြင့် ခေါ်ဝေါ်သုံးနှုန်းကြတာလည်းရှိကြပါတယ်။ စစ်မက်နဲ့ဆက်စပ်ပတ်သက်နေရပြီဆိုရင် အနီးရယ်၊ အဝေးရယ်မဟုတ်တော့ဘူး။ ကမ္ဘာကြီးဟာ ရွာတစ်ရွာလိုဖြစ်နေပြီလေ။ ဘယ်အပိုင်းမှာ ခွေးဟောင်နေသလဲ။ ဘယ်အိမ်က ကြက်တွန်နေသလဲ။ ကြားရသိရသလို နိုင်ငံတကာအခြေအနေဟာ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ရိုက်ခတ်နေတယ်။

တောင်အမေရိက တောတောင်အခြေက စိုက်ခင်းဥယျာဉ်ထဲမှ လိပ်ပြာတစ်ကောင် အတောင်ပံခတ်လိုက်တာနဲ့ ဥရောပမှာ ရေခဲမိုးတွေကျ၊ မိုးသီးတွေရွာတယ်ဆိုတာမျိုး။ အရှေ့အာရှမှာ လေမုန်တိုင်းတွေမွှေလာတယ်ဆိုတာမျိုး ကူးစက်ရိုက်ခတ်မှုတွေရှိနေတဲ့ခေတ်ပေပဲ။

ညောင်ဦးကမ်းပါးပြိုတာနဲ့ အထက်အညာ (တကောင်းမြို့အနီးက) စမ္ပာနဂိုရ်ရွာက နွားမပေါင်ကျိုးဆိုတဲ့ ဆိုစကားရှိခဲ့ဖူးတယ်။ ဘာမှအကျိုးအကြောင်းဆက်စပ်လို့မရအောင် ဝေးကွာတယ်ပေါ့လေ။ ဒီခေတ်မှာတော့ တစ်ကမ္ဘာလုံးက ရွာကြီးတစ်ရွာပဲ။

စစ်မက်နဲ့ပတ်သက်တာတွေကို ဘာမှမသိချင်ပါဘူးဆိုပြီး ရှောင်လွှဲပုန်းကွယ်နေလို့မရ။ နိုင်ငံအချင်းချင်း စစ်ပွဲတွေအမျိုးမျိုးအဖုံဖုံခင်းနေကြတယ်။ မသိလို့မရပါ။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ ရုရှားတပ်မတော်က ယူကရိန်းနယ်မြေထဲကို ဝင်တိုက်ခဲ့တာ နှစ်ဖက်စလုံးမှာ စစ်သားကော၊ အရပ်သားကော လူတွေသောင်းနဲ့ချီသေကျေနေကြတယ်လေ။ စစ်ပွဲရဲ့နောက်ဆက်တွဲဂယက်ကြောင့် ရေနံဈေး၊ ဂျုံဈေး၊ လက်နက်ခဲယမ်းဈေး၊ နိုင်ငံအချင်းချင်းကူးသန်းရောင်းဝယ်ရေး၊ သွားလာရေးတွေမှာ ပြောင်းဆန်အောင် အတက်အကျတွေဖြစ်စေတယ်မဟုတ်လား။

နိုင်ငံတကာမှာ စစ်ပွဲတွေခင်းနေကြပါတယ်-

**၁။ ကုန်သွယ်ရေးစစ်** (ပိတ်ဆို့၊ ကန့်သတ်စသည်)

**၂။ ဘဏ္ဍာငွေကြေးစစ်**(ဘဏ်လုပ်ငန်းများ စသည်)

**၃။ သမားရိုးကျစစ်**

**၄။ သတင်းမီဒီယာစစ်**

**၅။ သံတမန်ရေးရာပိတ်ဆို့ဝိုင်းပယ်စစ်**

**၆။ စီးပွားရေးထိခိုက်ပျက်ပြားစေတဲ့စစ်**

**၇။ သဘာဝပတ်ဝန်းကျင်ဖျက်ဆီးတဲ့စစ်**

(အမေရိကန်က လာအို၊ ကမ်ပူးချားနဲ့ ဗီယက်နမ်သစ်တောများကို လေယာဉ်ပေါ်က သစ်ပင်သတ်ဆေးရည်များ ပက်ဖျန်းကြဲချခြင်း)

**၈။ အခြားစစ်များ**

စစ်ဆိုတာ ကျယ်ပြန့်တယ်နော်။ မှန်ပါတယ်။ စစ်တိုက်တယ်ဆိုတာ ကလေးကစားတာမဟုတ်၊ ဖဲရိုက်တာ၊ ကက်ဆွဲတာ၊ ကြက်တိုက်တာမဟုတ်။ လူတွေရဲ့အသက်နဲ့ဘဝနဲ့ အိုးအိမ်၊ မြို့ပြတွေနဲ့ အလဲအထပ်လုပ်ပြီး မနိုင်နိုင်အောင်တိုက်ကြခိုက်ကြရပါတယ်။ စစ်ပွဲဆိုတာ စဖို့မခက်လှဘူး။ ငြိမ်းဖို့ကတော့ မလွယ်လှဘူး။ ဖြစ်ဖို့လွယ်သလောက် ဆုံးဖို့ခက်ရတယ်။ စစ်ပွဲဟာ နှစ်ဖက်စလုံးကို မီးလောင်သလို မွဲပြာကျစေပါတယ်။ နိုင်တဲ့ဘက်က နည်းနည်းသေတယ်။ ရှုံးတဲ့ဘက်က များများသေတယ်။ နှစ်ဖက်စလုံးက ဆင်းရဲဒုက္ခတွေ့ကြရတာချည်းပါပဲ။ စစ်ကိုမခေါ်လေနဲ့။

လက်နက်ကိုင်ရင်ဆိုင်တိုက်ခိုက်တယ်ဆိုတာ သူသေကိုယ်သေယှဉ်ပြိုင်ကြရတာမျိုး။ အသက်ပေးရတဲ့စွန့်စားမှုပဲ။ ဒီတစ်ပွဲကိုယ်မသေဘူးဆိုပြီး မလေ့ကျင့်ဘဲနေလို့မရဘူး။ ပင်ပင်ပန်းပန်းသင်တန်းကို တက်ရပြန်ပါတယ်။ စနစ်တကျ အဲဒီလိုလေ့ကျင့်မှုမကောင်းတဲ့ဘက်ကတော့ သေချာပေါက်ရှုံးနိမ့်ရပေမှာပဲ။ ဒီတစ်ပွဲနိုင်ခဲ့ပေမယ့်လည်း နောက်တစ်ပွဲမှာရှုံးရင်သေပေတော့။ မသေမချင်းဆက်ပြီးတိုက်နေရမှာလား။ စစ်ပညာတကယ်မကျွမ်းဘဲ အပျော်တမ်းအဆင့်လောက်နဲ့ စစ်တိုက်ကြသူတွေ စောစောသေကြကျေကြမှာပဲ။ မသေချင်သေးဘူးဆိုရင် စစ်ကိုဝေးဝေးရှောင်။

စစ်တိုက်တယ်ဆိုတာ သတ္တိဘယ်လောက်ကောင်းကောင်း၊ လူအင်အားဘယ်လောက်များများ နိုင်ဖို့အရေးဟာ မသေချာပါဘူး။ ဘာတွေလိုသလဲ။

ဗြိုဟ်တုကင်းထောက်ခြင်းတွေလိုတယ်။

လေကြောင်းချီတပ်ရွှေ့လျားမှုတွေလိုတယ်။

အသံထက်မြန်တဲ့ တိုက်လေယာဉ်အုပ်တွေ အရေးပါလာတယ်။ ဒရုန်းတွေ၊ ဂျက်လေယာဉ်တွေရှိမှ နိုင်နိုင်မယ်။ ပစ်အားလိုတယ်။ စစ်ကစားနိုင်ရမယ်။

ပစ်ကူလက်နက်ကြီးတွေလိုပါတယ်။

အမြောက်နဲ့တင့်ကားတွေလိုပါတယ်။

စစ်တိုက်တာဟာ သေနတ်လွယ်ပြီး (ပစ္စတိုခါးမှာထိုးပြီး)ဆင်နွှဲရင်တော့ (ပြောရမှာအားနာလှတယ်) အသေဆိုးနဲ့သေဖို့သာပဲရှိပေလိမ့်မယ်။ စက်မှုနဲ့အဆင့်မြင့်နည်းပညာကိုအသုံးပြုပြီး စစ်ခင်းနေကြတဲ့လက်ရှိစစ်မြေပြင်အခြေအနေမှာ ရှူးတူးတူးပေါ်တောတောနဲ့ လောက်လေးခွ၊ လောက်စာလုံးနဲ့ စစ်တိုက်ချင်ရင်တော့ မိုက်မဲထုံထိုင်းလွန်းရာကျမှာပေါ့။ ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ အင်ဂျင်နီယာ၊ စစ်ပညာ ကြိုးစားပြီး သင်ပါဦးကွယ်။ လက်နက်ကိုင်တာမစောပါနဲ့။ လောမကြီးပါနဲ့။ မီးနဲ့မဆော့ရဘူး။ မီးဆိုတာလောင်တတ်တယ်။ ကစားစရာမဟုတ်ပါ။

> ❖ မနက်ဖြန်အတွက် ယနေ့ထက်ပိုပြီး တိုးတက်သာယာအေးချမ်းအောင် ကြိုးစားရမယ်။ ဒါဟာ မိမိအတွက် ရှောင်လွှဲခြင်းမပြုနိုင်တဲ့ ဘဝပေးတာဝန်လို့ ကျွန်တော်တို့ခံယူတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းတွေထက် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့တိုင်းရင်းသားတွေ အထူးသဖြင့် အနာဂတ်ကို မလွဲမသွေပိုင်စိုးကြမဲ့ လူငယ်တွေ အစစအရာရာ ကျွန်တော်တို့ခေတ်ထက် ပိုမိုသာယာအေးချမ်းကြပါစေ၊ ဖွံ့ဖြိုးအောင်မြင်ပျော်ရွှင်ကြပါစေ။ လောကနိဗ္ဗာန်တည်ဆောက်မပေးနိုင်ရင်တောင် လှပတဲ့အနာဂတ်ကိုပိုင်ဆိုင်အောင်တော့ မေတ္တာအမွေပေးဝေရမှာပဲ။ ❖

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးသွားမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကြံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကြံ ၂၄၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၀၉၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ကြံစိုက်ပျိုးမှုကို စီးပွားဖြစ်အနေနဲ့ စိုက်ပျိုးကြပါတယ်။ အထွက်နှုန်းတိုးတဲ့ ကြံတွေကိုရွေးပြီး စိုက်ကြမှာပါ။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကြံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ ဒီနှစ်ကြံဧက လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်တွင် ကြံ ၂၉၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြံ ၈၂၉ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ခြောက်သိန်းနှင့်ခုနစ်သိန်းကြား ကုန်ကျစရိတ်ရှိပြီး ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့်ကသာခရိုင်၌ စိုက်ပျိုးကြရာ ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇ၁၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# ပြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် တံခွန်တိုင်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တံခွန်တိုင်ကျေးရွာ၌ ကျေးရွာတွင်းကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ အရှည် ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၄ သန်း အသုံးပြုပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ဧပြီလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပုသိမ် မေ ၈**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုလှိုင်က ပြောပြ၍ သိရသည်။

ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ကုန် ငါးခြောက်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး မတ်လအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၀၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ရပြီး ပြီးခဲ့သည့် ဧပြီလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၃၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလထဲမှာ ငါးခြောက်တွေ ဝယ်လိုအားတက်ခဲ့လို့ အရင်လတွေထက် ပိုမိုတင်ပို့ရောင်းချခဲ့ရတာပါ။ လက်ရှိမှာ ငါးခြောက်တွေ အရောင်းအဝယ်ကောင်းလာသလို ဈေးကလဲ နည်းနည်းကောင်းလာပါတယ်" ဟု ပုသိမ်မြို့မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်စုလှိုင်က ပြောပြသည်။



ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ငါးရံ့ခြောက်၊ ငါးကွမ်းရှပ်၊ ငါးလိပ်ကျောက်၊ ငါးဖောင်ရိုး၊ ငါးပြေမ၊ ငါးနီတူ၊ ငါးပုတ်သင်၊ ငါးမြွေထိုး စသည့် ငါးခြောက်အမျိုးအစားများ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခြောက်ဈေးနှုန်းများမှာ ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀၀၊ ငါးကွမ်းရှပ် တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀၀၊ ငါးလိပ်ကျောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၊ ငါးဖောင်ရိုး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀၊ ငါးပြေမ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၀၊ ငါးနီတူ တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀၊ ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ဖြစ်ကြောင်း ပုသိမ်မြို့မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုလှိုင်က ပြောပြသည်။ **ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် ပန်ကျိုင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**လင်းခေး မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီ မိနစ် ၃၀ က ပန်ကျိုင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ ပန်ကျိုင်းကျေးရွာအတွင်းရှိ သင်တန်းသူ ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အဝတ်အထည်ချုပ်လုပ်နည်းအမျိုးမျိုးကို ယနေ့မှ ဇွန် ၆ ရက်ထိ စာတွေ့၊ လက်တွေ့ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးသူ**



# ဆိပ်ဖြူမြို့နယ် လိပ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ မေ ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ လိပ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လိပ်ခြံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လိပ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၂၃၄သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၀၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ငွေကျပ် ၃၅၇ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နှံ့ယဉ်**

# ပေါ်ထွန်းထာဝစဉ်လူရည်ချွန်

**စိန်ငွေလှိုင်(ဟိုပုံးမြေ)**

“ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာသည်”ဟူ၍ ဆရာဇော်ဂျီက အိုတက်လူတို့ကဗျာတွင် ရေးသားခဲ့သည်။ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် လူကြီးအရွယ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုအချိန်တွင် ယောက်ျားကောင်း၊ ယောက်ျားမြတ်ဖြစ်ထိုက်ပေသည်။ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းကို လူငယ်ဟု သတ်မှတ်ထားရှိသည်။ လူငယ်ဆိုသော စကားအတိုင်း ငယ်ရွယ်နုပျိုခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိခြင်း၊ ကာယအား၊ ဉာဏအားတို့ အပင်ပန်းခံနိုင်ခြင်း စသည့်အရည်အချင်းများ တည်ရှိကြသည်။ ထိုအရည်အချင်းများကို စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပါက လူရည်ချွန်များဖြစ်လာပေလိမ့်မည်။ လူရည်ချွန်ဆိုသည်မှာ ကိုယ်ထူးကိုယ်ချွန်သောလူကို ခေါ်ဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်၏စွမ်းအားဖြစ်သော ကာယဗလ၊ ဉာဏ်၏စွမ်းအားဖြစ်သော ဉာဏဗလ၊ ထူးသောအကျင့်၏စွမ်းအားဖြစ်သော စာရိတ္တဗလ၊ မိတ်ကောင်းရှိခြင်း၏စွမ်းအားဖြစ်သော မိတ္တဗလ၊ ဥစ္စာပေါများခြင်း၏စွမ်းအားဖြစ်သော ဘောဂဗလဟူသော ဗလငါးတန်ဖြင့် ပြည့်စုံသောသူကို ခေါ်ဆိုခြင်းဖြစ်သည်။

“ယောက်ျားတံခွန်၊ လူရည်မွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း” ဆိုသောစကားအရ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော ယောက်ျားသည် ကောင်းကင်ကကြယ်ကိုပင် ဆွတ်ခူးနိုင်သည်ဆိုသကဲ့သို့ ယောက်ျားကောင်းပီပီ ကြိုးစားလျှင် အရာရာတွင်အောင်မြင်မှုကို ရရှိနိုင်သည်။ လူရည်ချွန်များသည် လူ့စွမ်းအားအရင်းအမြစ်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတော်၏စွမ်းအားသစ်များအဖြစ် ထွက်ပေါ်လာမည့် သားကောင်းရတနာများဖြစ်ကြသည်။ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရမည့်သူများလည်းဖြစ်ကြ၏။ နိုင်ငံတော်ကြီး ငြိမ်းချမ်းဖွံ့ဖြိုးသည်ဆိုရာတွင် လူငယ်များ၏စွမ်းရည်များမှာလည်း ပါဝင်လျက်ရှိရာ မျိုးဆက်သစ်လူငယ်များမှာ ပိုမိုထူးချွန်ရပေမည်။

မြန်မာနိုင်ငံတွင် စွမ်းရည်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုနှစ် ဧပြီ ၂၀ ရက်မှ မေ ၈ ရက်ထိ ပေလီတွင်လည်းကောင်း၊ မေ ၉ ရက်မှ မေ ၁၇ ရက်ထိ ရန်ကုန်တွင်လည်းကောင်း စခန်းများဖွင့်လှစ်နိုင်ခဲ့သည်။ နောင်တွင် အင်းလေးခေါင်တိုင်စခန်း၊ ပွဲကောက်ရေတံခွန် စသည့်နေရာများတွင်ဖွင့်လှစ်ခဲ့၏။ ၁၉၈၈ ခုနှစ်တွင် ၂၅ ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးနောက် ထိုအစီအစဉ်ကိုရပ်နားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ရာ “ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်း”ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့၏။ ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်စီမံကိန်း”ဟုသတ်မှတ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂)ရပ်တွင် “ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး”ဟုပါရှိခဲ့သည်။ ၎င်းအချက်ကို ဆောင်ရွက်သည့်အနေဖြင့်၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ အဋ္ဌမတန်းလူရည်ချွန်ဦးရေ ၁၆၀၊ ဒသမတန်း လူရည်ချွန်ဦးရေ ၁၆၀၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့၏။

လူရည်ချွန်မောင်မယ်များကို ရွေးချယ်ရာ၌ အဋ္ဌမတန်း၊ ဒသမတန်း၊ ကောဒသမတန်းမှ ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ခဲ့၏။ ရွေးချယ်ရာတွင် ကျောင်းစာဘာသာရပ်များအပြင် အထွေထွေဗဟုသုတတို့ကို ရေးဖြေ ဖြေဆိုစေခြင်း၊ ကာယကြံ့ခိုင်မှုစွမ်းရည် လက်တွေ့စစ်ဆေးခြင်း၊ နှုတ်ဖြေစစ်ဆေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ လူရည်ချွန်ဝတ်စုံမှာ အဖြူရောင်ပတ်လည် လျှာပါသည့်ဦးထုပ်၊ အပြာနုရောင်အင်္ကျီ၊ နက်ပြာရောင်ဘောင်းဘီရှည်၊ ခြေအိတ်အဖြူနှင့် ပတ္တာဖိနပ်အဖြူဖြစ်သည်။ အဆိုပါဝတ်စုံအပြင် ကျောင်းသူများအတွက် လက်စကအမျိုးသမီးအင်္ကျီနှင့် နက်ပြာရောင်လုံချည်ကိုပါ ဝတ်ဆင်ခွင့်ပြုသည်။ လည်စည်းမှာ သုံးမြောင့်ပုံသဏ္ဌာန်ဖြစ်ပြီး အစိမ်းနုရောင်ဖြစ်၏။ ရည်ရွယ်ချက်မှာ အများအကျိုးကို ဆောင်ရွက်ရန်အဆင်သင့်ရှိသည်ဆိုသော သဘောပင်ဖြစ်သည်။ ဒဏ်ရာရသူများကို ပတ်တီးသဖွယ် စည်းနှောင်ရန် သို့မဟုတ် လိုအပ်သောနေရာတွင် အသုံးပြုရန်အတွက်ဖြစ်သည်။

❖ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ အဋ္ဌမတန်းလူရည်ချွန်ဦးရေ ၁၆၀၊ ဒသမတန်း လူရည်ချွန်ဦးရေ ၁၆၀၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့၏။ လူရည်ချွန်မောင်မယ်များကို ရွေးချယ်ရာ၌ အဋ္ဌမတန်း၊ ဒသမတန်း၊ ကောဒသမတန်းမှ ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ခဲ့၏။ ရွေးချယ်ရာတွင် ကျောင်းစာဘာသာရပ်များအပြင် အထွေထွေဗဟုသုတတို့ကို ရေးဖြေ ဖြေဆိုစေခြင်း၊ ကာယကြံ့ခိုင်မှုစွမ်းရည် လက်တွေ့စစ်ဆေးခြင်း၊ နှုတ်ဖြေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ❖

ရွေးချယ်ခံရသည့်ကျောင်းသား၊ ကျောင်းသူများကို ငွေဆောင်၊ ပုဂံ၊ အင်းလေး စသည့်လူရည်ချွန်စခန်းများသို့ စေလွှတ်ပေးလျက်ရှိသည်။ လူရည်ချွန်စခန်း (ငွေဆောင်)မှ ကောဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ဧပြီ ၃၀ ရက်တွင် ပုသိမ်မြို့တွင်းသို့ လှည့်လည်လေ့လာခဲ့ရာ ရွှေမုဋ္ဌောစေတီကို ဖူးမြော်ပြီး၊ ရေပေးဝေရေးလုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်းတို့ကို လေ့လာခဲ့ကြသည်။ ထို့နောက် ပုသိမ်မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဂုဏ်ပြုညစာခံပွဲ အခမ်းအနားကို တက်ရောက်ခဲ့ကြသည်။ ထို့အတူ ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား၊ ကျောင်းသူများသည် ပုပ္ပားတောင်ပရဆေးဥယျာဉ်နှင့် ရေမြေတောတောင် သဘာဝပေါက်ပင်တို့ကို လေ့လာခဲ့ကြသည်။

တောင်ကြီးလူရည်ချွန်စခန်းမှ ဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဟောင်းသို့ သွားရောက်လေ့လာခြင်း၊ အင်းလေးဒေသရှိ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သော ကေလာရေခြံသို့ သွားရောက်လေ့လာခြင်း၊ ဟဲယာရွာမ ငွေထည်လုပ်ငန်းများကို လေ့လာခြင်း၊ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီးကို ဖူးမြော်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။ ထိုလူရည်ချွန်စခန်း သုံးခုမှ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ သက်ဆိုင်ရာနယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ အဆို၊ အက၊ အတီး၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်း၊ စတိတ်ရှိုးဖျော်ဖြေမှုများ၊ မျက်လှည့်ပြကွက်များ၊ ဒေသခံရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေညှေ့ခံကြ၏။ ထို့နောက် လူရည်ချွန်အားလုံးသည် ရန်ကုန်စုပေါင်းစခန်းတွင် ပေါင်းဆုံရမည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များဩဝါဒခံယူပွဲကို ဧပြီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင်ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏အနာဂတ်အတွက်ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့်ရပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကိုဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍအစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း”**စသည်ဖြင့် ပြောကြားခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ ယနေ့လူငယ်များအပေါ်တွင်ထားရှိသည့် စေတနာမှာ ပေါ်လွင်လျက်ရှိကြောင်း တွေ့ရသည်။

ထို့ပြင် **“မောင်တို့မယ်တို့သည် ဘက်စုံထူးချွန် လူရည်ချွန်၊ လူရည်မွန်များအဖြစ် တိုင်းပြည်၏ အနာဂတ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အထောက်အကူဖြစ်လာမည်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကျောင်းသားလူငယ်များထဲမှ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်လည်း အများကြီးမျှော်လင့်သည်ကို ပြောကြားလိုကြောင်း”**ဟု ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ထူးချွန်ထက်မြက်သည့် လူငယ်များကို အားကိုးအားထားပြုလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် လူငယ်ကဏ္ဍတိုးတက်ရေးကို ဆောင်ရွက်ပေးနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူရည်ချွန်စီမံကိန်းပေါ်ပေါက်လာသည်မှာ လာမည့်နှစ်တွင် နှစ်ပေါင်း ၆၀ သို့ ကျရောက်တော့မည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လူငယ်တို့၏သဘာဝသည် တိုးတက်ချင်၏။ စူးစမ်းချင်ကြသည်။ တက်ကြွလွယ်၏။ ရိုးသားမှုအရင်းခံစိတ်ရှိ၏။ ထိုသို့သော အချက်များကို “ကောင်းသောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး သူတော်ထုံး”ဖြင့် မွမ်းမံလိုက်ပါက လူငယ်တို့၏ကံကြမ္မာသည် တိုးတက်မြင့်မားသွားမည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း ကြိုးပမ်းကြရမည်ဖြစ်ရာ လူရည်ချွန်များပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ၂၇-၆-၂၀၂၃ ရက်နေ့ထုတ် မြဝတီသတင်းစာ**

# ထားဝယ်မြို့နယ် ဇဟာကျေးရွာတွင် အခြေခံစက်ချုပ်သင်တန်းဖွင့်

**ထားဝယ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ဇဟာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးလှိုင်အေးနှင့် ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းက ပံ့ပိုးပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သင်ကြားပို့ချမည့် သင်ခန်းစာ၊ ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခြေခံစက်ချုပ်သင်တန်းသို့ ဇဟာကျေးရွာအတွင်းရှိ သင်တန်းသူ အမျိုးသမီးငယ် ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အဝတ်အထည်ချုပ်လုပ်နည်း အမျိုးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းကာလနှစ်လကြာ အခမဲ့သင်ကြားပို့ချပေး



သွားမည်ဖြစ်ကြောင်း ထားဝယ်မြို့နယ် ဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီထံမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး သိရသည်။

**မင်းမြင့်မိုရ်**

# အိုင်အိုဝါပြည်နယ်တွင် မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်



**ဝါရှင်တန် မေ ၈**

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် မေ ၇ ရက်က မိုးသီးများကြွေကျပြီး မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် လူထောင်ပေါင်းများစွာ လျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း အိုင်အိုဝါ အရေးပေါ် စီမံကွပ်ကဲရေးရုံးမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ KCRG သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် မေ ၇ ရက်က မိုးကြိုးမုန်တိုင်းများတိုက်ခတ်ပြီး မိုးသီးများကြွေကျခဲ့သဖြင့် ပြည်နယ်အတွင်းရှိ Linn နှင့် Johnson ကောင်တီတို့တွင် လမ်းများပေါ် သစ်ပင်ကြီးများလဲကျခြင်း၊ လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းနှင့် အဆောက်အအုံ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ အဆိုပါကောင်တီအတွင်းရှိ လူထောင်ပေါင်းများစွာနှင့်စီးပွားရေးလုပ်ငန်းပေါင်း ၉၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုများကြုံတွေ့ခဲ့ရကြောင်း အိုင်အိုဝါ အရေးပေါ်စီမံကွပ်ကဲရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၇၀ နှုန်းကျော်တိုက်ခတ်ခဲ့ပြီး ညနေ ၃ နာရီနောက်ပိုင်းတွင် ပြည်နယ်အရှေ့ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ကြောင်း၊ မုန်တိုင်းရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်ရှိ Amana၊ West Liberty၊ Mount Pleasant နှင့် Marengo မြို့တို့တွင် သစ်ပင်များပြိုလဲခဲ့ပြီး လမ်းများပိတ်ဆို့ခြင်း၊ လူနေအဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်း တိုက်ခတ်မှုအတွင်း လူသေဆုံးမှုနှင့် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ လျှပ်စစ်မီး ပြတ်တောက်မှုများအတွက် သက်ဆိုင်ရာကုမ္ပဏီမှ ဝန်ထမ်းများကို နေရာအနှံ့အပြားသို့ စေလွှတ်ပြင်ဆင်လျက်ရှိကြောင်း ပြည်နယ်အရေးပေါ်စီမံကွပ်ကဲရေးရုံးမှ ထုတ်ပြန်သောသတင်းများအရ သိရသည်။

AZH

# Shell Texas ဓာတုဓာတ်ပေါင်းဖိုမီးလောင်နေသော်လည်း လေထုညစ်ညမ်းမှုဖြစ်ပေါ်ခြင်းမရှိ

**ဝါရှင်တန် မေ ၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒီးယားပတ်ခ်ရေိယာရှိ Shell Texas ဓာတုဓာတ်ပေါင်းဖိုသည် မေ ၅ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး စက်ရုံအနီးပတ်ဝန်းကျင်တွင် မီးခိုးငွေ့များပျံ့နှံ့နေသဖြင့် ဒေသခံများက လေထုညစ်ညမ်းမှုဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသော်လည်း မီးခိုးငွေ့များမှာ လေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်သည့် အဆင့်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု NBC News သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဓာတုဓာတ်ပေါင်းဖို မီးလောင်ကျွမ်းမှုကြောင့် ဝန်ထမ်း ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လိုအပ်သောဆေးကုသမှုခံယူနေရကြောင်း၊ ဓာတုဓာတ်ပေါင်းဖိုမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် ကုမ္ပဏီမှ တာဝန်ရှိသူများက လေထုအရည်အသွေးကို စစ်ဆေးတိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး လေထုသန့်စင်မှုနှုန်းမှာ အနည်းငယ်ကျဆင်းခဲ့သော်လည်း အဆိပ်သင့်စေနိုင်သည့် အဆင့်မျိုးမဟုတ်သည့်အတွက် စိုးရိမ်စရာမရှိကြောင်း ကုမ္ပဏီက ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။

“ဓာတုဓာတ်ပေါင်းဖိုမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ အနီးပတ်ဝန်းကျင်မှာနေထိုင်တဲ့ ဒေသခံတွေရဲ့လုံခြုံမှုအတွက် လိုအပ်တဲ့ စစ်ဆေးမှုတွေ ကုမ္ပဏီပိုင်းအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဓာတုဓာတ်ပေါင်းဖို မီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကိုလဲ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိပ်သင့်စေနိုင်တဲ့အဆင့်မျိုးမှာမရှိပါဘူး။ ဒါကြောင့် အနီးပတ်ဝန်းကျင်မှာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ စိုးရိမ်ပူပန်စရာမရှိပါဘူး။ မီးလောင်ကျွမ်းမှုကြောင့် ဓာတုဓာတ်ပေါင်းဖို စက်ချို့ယွင်းမှုတွေဖြစ်ပြီး ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေတဲ့ အသံဆူညံမှုတွေတော့ ရှိနေပါတယ်။ အမြန်ဆုံးပြုပြင်ထိန်းသိမ်းသွားဖို့ ဆောင်ရွက်ပေးနေပါတယ်”ဟု Shell ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဓာတုဓာတ်ပေါင်းဖိုမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အနက်ရောင် မီးခိုးငွေ့များသည် စက်ရုံအနီးပတ်ဝန်းကျင်သာမက ဟောက်စတန်မြို့ အရှေ့တောင်ဘက်ပိုင်းရှိ အမှတ် ၂၂၅ အဝေးပြေးလမ်းမကြီးထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

**စိုင်းဆက်**



# အယ်ဘာတ်တာပြည်နယ်တောမီးလောင်ကျွမ်းမှုကို နိုင်ငံတော်အဆင့် အရေးပေါ်သတ်မှတ်

**အော့တာဝါ မေ ၈**

ကနေဒါနိုင်ငံ အနောက်ပိုင်း အယ်ဘာတ်တာပြည်နယ် တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၂၄၀၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး အယ်ဘာတ်တာပြည်နယ်အနှံ့ နေရာပေါင်း ၁၀၃ နေရာတွင် တောမီးလောင်ကျွမ်းနေသည့်အတွက် တောမီးလောင်ကျွမ်းမှုကို မေ ၇ ရက်မှစ၍ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အယ်ဘာတ်တာပြည်နယ်တွင် မေ ၅ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ကာ လူနေအိမ်များဆီသို့လည်း ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ အယ်ဘာတ်တာပြည်နယ်တွင် ဧပြီလနောက်ဆုံးပတ်ကလည်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် မေ ၅ ရက်တွင် တောမီးလောင်ကျွမ်းမှု ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ ပြည်သူတွေလုံခြုံမှုရှိစေဖို့အတွက်ပဲ ဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကျွမ်းကျင်သူတွေနဲ့တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သလို တောမီးအန္တရာယ်ကိုလဲ အမြန်ဆုံးတုံ့ပြန်နိုင်ဖို့ဆောင်ရွက်နေပါတယ်”ဟု အယ်ဘာတ်တာပြည်နယ်ဝန်ကြီးချုပ် ဒန်နီလီစမစ်က ပြောကြားခဲ့သည်။

တောမီးအန္တရာယ်ကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပြီး တောမီးထိန်းချုပ်နိုင်သည့် အခြေအနေရောက်ရှိလာပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အခြားသောပြည်နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များကလည်း အယ်ဘာတ်တာမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းရန် ရောက်ရှိနေပြီဖြစ်ကြောင်း အယ်ဘာတ်တာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**စိုင်းဆက်**

# နိုင်ဂျီးရီးယားနိုင်ငံ ယိုဘီပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူသုံးဦးသေဆုံး

**အဘူဂျာ မေ ၈**

နိုင်ဂျီးရီးယားနိုင်ငံ ယိုဘီပြည်နယ်တွင် မေ ၆ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ယနေ့ထိ သေဆုံးသူ သုံးဦးရှိခဲ့ကာ ပျက်စီးခဲ့သည့်နေအိမ်ပေါင်း ၂၇၀ လုံး ထက်မနည်းရှိခဲ့ကြောင်း ယိုဘီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Daily Post သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် ယိုဘီပြည်နယ် လက်ဘာကူကာဒေသ၌ အဆိုးရွားဆုံးဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပျက်စီးခဲ့သော နေအိမ်များမှ အများစုမှာ မြေပြိုကျမှုများကြောင့်ဖြစ်ပြီး ယိုဘီပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူများကလည်း ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုဖြစ်ပေါ်နေသော နေရာများသို့ ကယ်ဆယ်ရေးဝန်ထမ်းများစေလွှတ်ကာ ဒေသခံများ ဘေးကင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ယိုဘီပြည်နယ်မှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ပြည်သူအယောက် ၁၆၀၀ ကျော်ထိ ရှိခဲ့ပြီး ပျက်စီးခဲ့တဲ့နေအိမ်ပေါင်း ၂၇၀ လုံး ထက်မနည်းရှိခဲ့ပါတယ်။ ရေဘေးအန္တရာယ်နဲ့မြေပြိုကျတာကြောင့် ဒေသခံသုံးယောက် သေဆုံးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ကိုးယောက်ရှိခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဘာဂျိုဂါဆေးရုံကြီးကို ပို့ဆောင်ထားပြီး လိုအပ်တဲ့ဆေးကုသမှုတွေ ခံယူနေပါတယ်”ဟု ယိုဘီပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **စိုင်းဆက်**

# ၂၀၂၂ ခုနှစ် လေထုညစ်ညမ်းမှုအဆိုးရွားဆုံး မြို့တော် ၃၀ တွင် အရှေ့တောင်အာရှဒေသတွင်းမှ သုံးနိုင်ငံပါဝင်

**ဂျီနီဗာ မေ ၈**

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် IQ Air လေထုညစ်ညမ်းမှုစောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်းက ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်ဆုံး မြို့တော် ၃၀ ၏ စာရင်းကို မကြာသေးမီက ထုတ်ပြန်ခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများမှ သုံးနိုင်ငံပါဝင်ခဲ့ကြောင်း The Street သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

လေထုညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများကို အဓိကခြိမ်းခြောက်မှုတစ်ခု ဖြစ်လာခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို သိသိသာသာ ထိခိုက်စေလျက်ရှိကာ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင်လေထုညစ်ညမ်းမှု အမြင့်မားဆုံးမြို့တော် ၃၀ စာရင်းကို ဆွစ်ဇာလန်နိုင်ငံအခြေစိုက် IQ Air လေထုညစ်ညမ်းမှု စောင့်ကြည့်တိုင်းတာရေးအဖွဲ့အစည်းက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ရာ အရှေ့တောင်အာရှဒေသတွင်းမှ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့၏ မြို့တော်များ ပါဝင်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့တော်များတွင် နေထိုင်ကြသောပြည်သူများသည် လေထုညစ်ညမ်းမှုကြောင့် ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းနှင့် မျက်စိယားယံခြင်းစသည့်လေထုညစ်ညမ်းမှု၏ ရေတိုအကျိုးဆက်များနှင့် ကြုံတွေ့ခံစားနေရပြီး လေထုညစ်ညမ်းမှုကို ရေရှည်ထိတွေ့ခြင်းဖြင့် အဆုတ်၊ နှလုံး၊ အသည်းနှင့် အာရုံကြောစနစ်များအပါအဝင် ခန္ဓာကိုယ်စနစ်များ ပြင်းထန်စွာထိခိုက်မှုများနှင့်ကြုံတွေ့လာရနိုင်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေခုနစ်သန်းခန့်သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာထားပြီး IQ Air လေထုညစ်ညမ်းမှုတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သော လေထုညစ်ညမ်းမှု အမြင့်မားဆုံးနိုင်ငံ မြို့တော်များတွင် အာဖရိကတိုက်မှ ချက်နိုင်ငံ၏မြို့တော်အန်ဂျမီနာသည် လေထုညစ်ညမ်းမှု အဆင့်(၁)တွင် ရပ်တည်ခဲ့ပြီး အရှေ့တောင်အာရှဒေသတွင်းမှ ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟနွိုင်းမြို့မှာ အဆင့်(၁၈)၊ အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော် ဂျကာတာမှာ အဆင့်(၂၀)နှင့် လာအိုနိုင်ငံ၏မြို့တော် ဗီယန်ကျင်းမှာ အဆင့်(၃၀)အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ AZH

# ယခုနှစ် ဧပြီလအတွင်း ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂၇ သန်း ရရှိထား



ရှမ်းပြည်နယ်ရှိ တီကျစ်ကျောက်မီးသွေးတွင်းကို တွေ့ရစဉ်။

**နေပြည်တော် မေ ၈**

ယခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂၇ သန်း ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒကပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ သတ္တုနှင့် တွင်းထွက်ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့နိုင်မှုမှာ ယခုနှစ် ဧပြီလအတွင်း နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁ သန်း ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၁၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂၇ သန်း ပို့ကုန်ဝင်ငွေ ရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

"သတ္တုနဲ့ တွင်းထွက်ပစ္စည်းကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂၇ သန်း ပို့ကုန်ဝင်ငွေ ရရှိထားပါတယ်။ သတ္တုအနေနဲ့ ပြည်ပတင်ပို့မှုမှာတော့ တရုတ်နိုင်ငံကို အဓိက တင်ပို့နေပါတယ်။ တင်ပို့နေတဲ့ သတ္တုအမည်တွေကတော့ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ကြေးဝါတို့ဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာ သတ္တုနဲ့ သတ္တုရိုင်း တင်ပို့နိုင်မှုကတော့ အရင်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သလို ဈေးကွက်သစ်တွေလဲ ရရှိထားပါတယ်။ အများဆုံးတင်ပို့နေတဲ့ ခဲမဖြူနဲ့ အဖြိုက်နက် သတ္တုတွေကိုတော့ ကယားပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေက အများဆုံးထုတ်လုပ်နေပြီး မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာလဲ ထုတ်လုပ်နေပါတယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်းအမျိုးမျိုးတို့ကို တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# စလင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စလင်း မေ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မေ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများသည် ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းနေမှုကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းကို သတ်မှတ်အတိုင်းအတာများနှင့် ပြည့်မီအောင်၊ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ ငွေကြေးသုံးစွဲမှုတွင်လည်း အများအမြင်ရှင်းအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်း စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်း အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မနှင့် အရှည်ပေ ၂၀၀၊ အကျယ်ရှစ်ပေ၊ အမြင့်ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၇ ဒသမ ၁၅ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် မေ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**



## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၀ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၄၅ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၃၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၀ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၀ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၇ | ၁၈၈၇ |
| 95 Ron | ၁၉၀၈ | ၁၉၈၀ |
| HSD (500 ppm) | ၁၇၈၈ | ၁၈၅၃ |
| HSD (50 ppm) | ၁၈၆၂ | ၁၉၂၈ |
| HSD (10 ppm) | ၁၈၆၂ | ၁၉၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



# ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။




ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

**1.အရောင်းဝန်ထမ်း (3) ဦး**

-အသက် (18)နှစ်မှ (25)နှစ်အတွင်းဖြစ်ရမည်။

-ပညာအရည်အချင်း အထက်တန်းပြီးသူ (သို့) ကျောင်းဆက်မတက်သူ ဖြစ်ရမည်။

**2.Cashier ဝန်ထမ်း (1) ဦး**

**3.ဂိုဒေါင်ဝန်ထမ်း (3) ဦး**

အမှတ်စဉ် (2), (3) အတွက် Computer Basic နှင့် Excel ကျွမ်းကျင်ရမည်။

**4.သန့်ရှင်းရေးဝန်ထမ်း (2) ဦး (အမျိုးသမီး)**

ဆက်သွယ်ရန်။ 110 လမ်း၊ 72×73 ကြား၊ အိမ်အမှတ် (ဆ-9/89) ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် လုပ်ကိုင်ရန်

**- မုန့်လုပ်ငန်းအထွေထွေဝန်ထမ်း ကျား (၅)ဦး**

မှတ်ပုံတင်ရှိရပါမည်။

အကျင့်စာရိတ္တကောင်းမွန်ရမည်။

အများနှင့်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

လုပ်ငန်းသင်ကြားပေးမှုကို လိုက်နာနိုင်သူဖြစ်ရမည်။

ဆက်သွယ်ရန်။ ။ 09-768070029

09-2007275

ရုံးချိန်( ၈နာရီ မှ ၅နာရီ အတွင်းသာဆက်ရန်)

## အမည်ပြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်နေ ဦးသန့်ဇင်ထွေး၏သား မောင်ဟိန်းထက်နိုင် (၉/ပကခ(နိုင်)၀၆၁၀၀၀) အား မောင်စိုင်းဝဏ္ဏထူး (၉/ပကခ(နိုင်)၀၆၁၀၀၀)ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်စိုင်းဝဏ္ဏထူး(၉/ပကခ(နိုင်)၀၆၁၀၀၀)**

## ပျောက်ဆုံးကြောင်း

သောင်တန်းမြို့နေ ခိုးခိုးဦး (ဘ) ဦးမြင့်ကျော် (၁၄/ညတန(နိုင်)၁၃၉၂၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-003692)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၉၀၇၇၇

## ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နယ်နေ စအောင်နိုင်ထွန်း (ဘ)မနိုးထွန်းဆေ (၁၄/မမန(နိုင်)၂၄၀၈၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-970188)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၂၃၉၇၆၅

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ် (၈)ရပ်ကွက်နေ ဦးသန်းထွန်း (ဘ) ဦးလှရှိန် (၉/မခန(နိုင်)၀၂၇၄၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-064573) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၁၁၃၀၄

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ထန်းတောမရွာနေ မသီတာဖြိုး (ဘ) ဦးပြည့်အောင် (၉/နထက(နိုင်)၁၉၅၇၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-279025) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၇၅၆၈၇၇၇

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ တည်စင်ရွာနေ မင်းထွန်း (ဘ) ဦးအောင်သန်း (၉/မခန(နိုင်)၂၀၈၉၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-408767) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၃၅၃၆၇၂၀

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့၊ သရက်ကန်ရွာနေ မယဉ်မွေး (ဘ) ဦးမောင်တင့် (၉/ရမသ(နိုင်)၁၈၃၅၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-270062) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၉၈၄၃၁၄

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်၊ နယ်မြေ(၇)နေ (ဦးဒါပို)-ဒေါ်ခင်ပြုံး တို့၏သား **မောင်သန်းမင်းစိုး** သည် မိဘနှင့် အစ်ကိုများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ခင်ပြုံး (၉/မနတ(နိုင်)၀၄၂၆၈၂)**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ သစ်ရုံရွာနေ ချစ်ဦး (ဘ) ဦးဌေး (၉/မခန(နိုင်)၂၇၂၇၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-457330)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၄၈၂၁၀၆၇

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လှိုင်းတက်ကျေးရွာနေ ဖွဲ့မော်ဟိန်း (ဘ) ဦးဘဆန်း (၉/မခန(နိုင်)၂၆၈၃၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-645640) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၆၀၂၆၉၁၁

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အမှတ် (၁၇၇)၊ ဆာကူရာလမ်းနေ နန်းယွန်းလဲ့ရည်ထွန်း (ဘ) ဦးကိုကိုမြတ် (၉/ပဥလ(နိုင်)၀၅၀၇၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-759140 )သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၄၀၆၆၄၀၉

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်၊ နယ်မြေ(၄)နေ ဒေါ်ရန်ရွှန်(ခ)ဒေါ်ခင်ကြည် ၏သားဖြစ်သူ ယူနွတ်ခန်(ခ) ကိုတက်ကြီး (ခ) ကိုဇော်ဝင်း SGG-00097 သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ရန်ရွှန် (ခ) ဒေါ်ခင်ကြည်**

**SGG-00136**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


ရန်သူ

မီးဘေး

တားဆီးရေး

မနေး

ဆောင်ရွက်ကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်...

❖ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

စာမျက်နှာ - ၁၉

**(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု** ၈-၅-၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၃၇ | ၃၁ | ၃၂ | ၁၀၀ |
| ၂ | ဗီယက်နမ် | ၃၀ | ၂၉ | ၃၅ | ၉၄ |
| ၃ | ထိုင်း | ၂၈ | ၂၀ | ၃၃ | ၈၂ |
| ၄ | အင်ဒိုနီးရှား | ၂၂ | ၁၉ | ၄၃ | ၈၄ |
| ၅ | ဖိလစ်ပိုင် | ၁၈ | ၃၀ | ၃၂ | ၈၀ |
| ၆ | စင်ကာပူ | ၁၅ | ၁၁ | ၁၄ | ၄၀ |
| ၇ | မလေးရှား | ၁၀ | ၁၃ | ၂၄ | ၄၇ |
| ၈ | မြန်မာ | ၈ | ၇ | ၂၃ | ၃၈ |
| ၉ | လာအို | ၄ | ၇ | ၂၇ | ၃၈ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၂ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

### ထူးခြားသည့် နေ့အပူချိန်များ

(၈-၅-၂၀၂၃)

| | | | |
|---|---|---|---|
| ဘောလခဲမြို့ | ၄၅ ဒီဂရီစင်တီဂရိတ် | မကွေးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်းမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |

# ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူး




ဆီးဂိမ်း ဗိုဗီနမ်အားကစားနည်း အမျိုးသားနှစ်ယောက်+အမျိုးသမီးတစ်ယောက်အတွဲပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ ပိုင်ဇေယျာဖြိုး၊ အုံ့ဘွယ်ငြိမ်းနှင့် နီလာစိုးဦးတို့ကို တွေ့ရစဉ်။

**ကမ္ဘောဒီးယား မေ ၈**

(၃၂)ကြိမ်မြောက် ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲတတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့သည် ပြိုင်ပွဲသုံးရက်ဆက်တိုက် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး ယနေ့တွင်လည်း ဆုတံဆိပ်ငါးခု ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် အိုက်စိုးလင်းက ရယူနိုင်ခဲ့ပြီး

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

